ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (18-5-2011) (၆၇၆၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

Eiiwp0e;ü uqeanmia&oe;yawmrsm; pnum;oulNrKupm usi;y A'a'oemawmrsm; &wzwyaZm? uovyn tEarm'emorsm; a0pn

နေပြည်တော် မေ ၁၇

ဖွား မြင်၊ ပွင့်၊ စံ၊ ဗျာဒိတ်ခံ မှတ်ရန်ကဆုန်လပြည့်ကြုံဟုလည်းကောင်း၊ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်းဟူ၍ လည်းကောင်း ဗုဒ္ဓဘာသာဝင်တို့က ကဆုန်လပြည့်နေ့နှင့် သက်ဆိုင်သော ဗုဒ္ဓဖြစ်တော်စဉ်တို့ကို မှတ်တမ်းပြုခဲ့ကြသည်။ ဘုရားအလောင်းတော် ဘုရားဖြစ်စေရန် ဗျာဒိတ်ခံသောနေ့၊ နောက်ဆုံးဘဝ ဖွားမြင်တော်မူသောနေ့၊ သစ္စာသိမြင်ဘုရားရှင်ဖြစ်သောနေ့၊ ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့တို့သည် ကဆုန်လပြည့်နေ့ချည်းဖြစ်သည့်အပြင် ဗောဓိဉာဏ်ရတော်မူရာ ဗောဓိပင် ဖြစ်ထွန်းပေါ်ပေါက်သောနေ့လည်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓအခါတော်နေ့ဟု သတ်မှတ်ကြခြင်းဖြစ်သည်။ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် အထင်ရှားဆုံးရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲတော်ဖြစ်သည်။

တန်ခူးရေကုန်၊ ကဆုန်ရေခန်းဟူသော ရှေးဆိုရိုးအတိုင်း နွေလယ်လဖြစ်သော ကဆုန်လတွင် အပူရှိန် ပြင်းထန်လွန်းသဖြင့် အင်း၊ အိုင်တို့၌ ရေခန်းခြောက်ကာ ရေကို အမှီပြုနေရသော သစ်ပင်တို့ ရေငတ်ကြရသည်။ ထိုအခါ ပရိဘောဂစေတီဖြစ်သော ဗောဓိညောင်ပင်တို့ကို စိမ်းစိုလန်းဆန်းစေရန် ကဆုန်လ၏ရာသီပွဲတော်အဖြစ် ညောင်ရေသွန်းပွဲတော်ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်တော် ညောင်ရေသွန်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် အဆိုပါ မဟာဗောဓိပင်တော်ရှေ့၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ တက်ရောက်ပူဇော်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်တော် ညောင်ရေသွန်းမင်္ဂလာ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ ကော်မရှင်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး /ခရိုင်/ မုံရွာမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ ကော်မရှင်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေ ၁၆ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက ကော်မရှင်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကသာ၊ ကလေး၊ တမူး၊ မော်လိုက်နှင့် ခန္တီးခရိုင် ကော်မရှင်အဖွဲ့ခွဲများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကော်မရှင်အတွင်းရေးမှူးနှင့် မုံရွာမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲမှ

စာမျက်နှာ ၃ ကော်လံ ၅ သို့

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၇-၅-၂၀၁၁)

ausmuawm	2 'or 72 vur
*	2 'or 2z vur
i;;oi;acsmi;	2 'or 20 vur
uom	1 'or 41 vur
jrpBu;em;	1 'or 37 vur

ကြေးမုံ The Mirror
၁၈-၅-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

ရင်သွေးငယ်တိုင်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ကမ္ဘာပေါ်တွင် နှစ်စဉ်ကလေးသန်းပေါင်းများစွာ ကူးစက်ရောဂါများ ခံစားနေကြရသည်။ မြန်မာနိုင်ငံ၌ ကလေးငယ်များကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများအန္တရာယ်မှ တားဆီးကာကွယ်ပေးလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနက ၁၉၇၈ ခုနှစ်မှစတင်၍ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်လာခဲ့သည်။

ယခုအခါ ပိုလီယိုရောဂါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် တီဘီ၊ ဦးနှောက်အမြှေးရောင်၊ ဝက်သက်၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ ခုနစ်မျိုးအတွက် ကာကွယ်ဆေးများကို အသက်တစ်နှစ်အောက် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။ အကျိုးရလဒ်အဖြစ် ရောဂါဖြစ်ပွားသေဆုံးမှုများ ထိရောက်စွာ လျှော့ချနိုင်ခဲ့သည်။

ကူးစက်ရောဂါများအနက် ပိုလီယိုအကြောသေရောဂါသည် ကူးစက်လွယ်သဖြင့် သတိပြုကာကွယ်သွားကြရပေမည်။ ၁၉၈၈ ခုနှစ်မှစတင်၍ အဆိုပါရောဂါ ကမ္ဘာပေါ်မှ ပပျောက်စေရေးနည်းလမ်းများ ဖော်ထုတ်ကြိုးပမ်းခဲ့ကြသည်။ ထိုအချိန်က နိုင်ငံပေါင်း ၁၂၅နိုင်ငံတွင် ရောဂါဖြစ်ပွားသူ သုံးသိန်းကျော်ရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ရောဂါဖြစ်ပွားသူ တစ်ထောင်ကျော်သာ ရှိတော့သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၆ ခုနှစ်မှစတင်၍ ပိုလီယိုအကြောသေရောဂါ ပပျောက်ရေးနည်းဗျူဟာများချမှတ်၍ တစိုက်မတ်မတ် ကြိုးပမ်းခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် ဒေသအချို့၌ ပိုလီယိုအရိုင်းပိုး၊ ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုပိုးများ တွေ့ရှိခဲ့သော်လည်း ပုံမှန်ကာကွယ်ဆေးများ ထိုးနှံခဲ့၍ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်ကုန်ပိုင်းအထိ ရောဂါပိုးကင်းစင်နေခဲ့သည်။

ယခုအခါ ပိုလီယိုရောဂါ လုံးဝကင်းစင်ရေးအတွက် ၂၀၁၁ ခုနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပဆောင်ရွက်လျက်ရှိသည်။ ပထမအကြိမ်အဖြစ် ၂၀၁၁ ခုနှစ် မေလ ၁၄ ရက်မှ ၁၅ ရက်အထိနှင့် ဒုတိယအကြိမ်အဖြစ် ဇွန်လ ၁၁ ရက်မှ ၁၂ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုရှိ ၁၂၆ မြို့နယ်တွင် အသက် (၅)နှစ်အောက် ကလေးပေါင်း နှစ်သန်းကျော်ကို ပိုလီယိုရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးသွားမည်ဖြစ်သည်။

ပိုလီယိုရောဂါသည် မဖြစ်ခင် ကာကွယ်ဆေးတိုက်ကျွေးပြီး ကြိုတင်ကာကွယ်ထားသင့်သည့် ရောဂါဖြစ်သည်။ မိဘပြည်သူတိုင်းက မိမိတို့၏ ရင်သွေးငယ်များတစ်ယောက်မကျန် ကာကွယ်ဆေးတိုက်ကျွေးစုရပ်များသို့ ခေါ်ဆောင်သွားပြီး တိုက်ကျွေးကြခြင်းဖြင့် ရင်သွေးငယ်များ ပိုလီယိုကင်းစင် ကျန်းမာရွှင်လန်းနိုင်ကြမည် ဖြစ်ပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- jynaxmip\ rnonae&ma'owi aexionjzpap cilron jynaxmip pw"mw xm;&ar;jrLom;lu&e tveta&;lu;on/
- jynaxmippw"mwonomv[i wi;&i;om;tm;v; xm0p0 xe;or;apmia&mu om;&rn ppreaomrSK;cSppw"mw jzpon/

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

jrermEiic&;om;vyie;tz zpn;jci;Ei e,py0iay[urSm;Ei y*Zersm;ü c&;om;vyie;z|zK;a&; nEi;tpn;ta0; usi;y

နေပြည်တော် မေ ၁၇

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် နယ်စပ်ဝင်ပေါက်များနှင့် ပုဂံဇုန်များ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် မူဆယ်၊ တာချီလိတ်၊ ကော့သောင်း နယ်စပ်ဝင်ပေါက်များနှင့် ပုဂံဇုန်ဒေသများ၌ ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့၏ သင်းဖွဲ့မှတ်တမ်းနှင့် စည်းမျဉ်းမူကြမ်းအပေါ် တွေ့ရှိချက်များကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် တက်ရောက်လာကြသူများက သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် နယ်စပ်ဝင်ပေါက်များနှင့် ပုဂံဇုန်ဒေသများ၌ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

roepr;oui,oiwe;ausmi; bupce;raqmiopziy usi;y

ရန်ကုန် မေ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ် သင်တန်းကျောင်း၌ Singapore Association of Myanmar (SAM) နှင့် Man Fut Tong Welfare Society တို့က ဆောက်လုပ်လှူဒါန်းသော ဘက်စုံခန်းမဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၆၅)ရှိ အဆိုပါ သင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Robert Chua Hian Kong နှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်တို့က ခန်းမဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

စိုက်ပျိုးစရိတ်ထုတ်ချေး

မကွေး မေ ၁၇

မကွေးမြို့ ရွှေထနောင်းစိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီ၌ ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာရေးနှစ် မိုးရာသီ စိုက်ပျိုးရေးစရိတ်ချေးငွေများကို ဧပြီ ၃ ရက်မှစ၍ မကွေးမြို့ ရန်ကင်း (၇) လမ်း ကုမ္ပဏီရုံးခန်း၌ ထုတ်ပေးလျက်ရှိသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မကွေး၊ တောင်တွင်းကြီး၊ နတ်မောက်၊ မြို့သစ်နှင့် ဆင်ပေါင်ဝဲ မြို့နယ်များမှ ကျေးရွာ ၁၂၀ ရွာမှ တောင်သူဦးရေ ၄၅၀၀ ကျော်အား တစ်ဧကကျပ် ၅၀၀၀၀ အတိုးနှစ်ကျပ်နှုန်းဖြင့် ငွေကျပ်သိန်း ၉၀၂၀ ထုတ်ချေးမည်ဟု သိရသည်။

ထို့အပြင် ဇူလိုင် ၁ ရက်မှစပြီး တောင်သူများအား သီးနှံရိတ်သိမ်းစရိတ်အဖြစ် အဖြတ်အတောက်မရှိ အပြည့်အဝ ထုတ်ချေးသွားမည်ဖြစ်သည်။ ရွှေထနောင်းစိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီအနေဖြင့် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရေဘေးသင့်ခံရသော ရွာမကျေးရွာမှ တောင်သူ ၃၁ဦးအား ကုလားပဲမျိုးအတွက် ငွေကျပ် ၇၇၁၇၅၀ ကို အတိုးမဲ့ထုတ်ချေးခဲ့ပြီး မီးဘေးသင့် မကွေးမြို့နယ် ဆူးပစ်စမ်းကျေးရွာမှ တောင်သူ ၈၂ဦးအား နှမ်းမျိုးအတွက် ငွေကျပ် ၆၄၇၂၇၅၀ ကို အတိုးမဲ့ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၃၃၃)

HIV / AIDS ကာကွယ်တိုက်ဖျက်ရေး အသိပေးရှင်းလင်း

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဦးစီးကျင်းပသော HIV/AIDS ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများအကြောင်း အသိပေးရှင်းလင်းပွဲကို မေ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်သိန်းနှင့် ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်အိအိခိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာဦးဝင်းကိုဦးက HIV/AIDS ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများအကြောင်း အသိပေးရှင်းလင်းဆွေးနွေးကြောင်း သိရသည်။**(အောက်ပုံ)** (ကြေးမုံ)

စီးပွားရေး ပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) နှင့် မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA)တို့ ပူးတွဲဆောင်ရွက်မည့် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၃/၂၀၁၁)ကို မေ ၂၁ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ UMFCCI ခန်းမ ပထမထပ်၌ ကျင်းပမည်ဖြစ်ရာ ပါမောက္ခ (အငြိမ်းစား/ ကုလသမဂ္ဂ) ဒေါက်တာအောင်ထွန်းသက်နှင့် ဥက္ကဋ္ဌ (MCC Group / MIEGA) ဦးတင်ဝင်းအောင်တို့က ဟောပြောကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပဲခူးတိုင်းဒေသကြီးရှိ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ ပြည်နှင့်သာယာဝတီခရိုင်တို့မှ ကုန်သည်လုပ်ငန်းရှင်များ၊ အထူးပြုကုမ္ပဏီများနှင့် ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပို့ကုန်/သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မေ ၁၅ ရက် နံနက် ၈ နာရီတွင် ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ပဲခူးတိုင်းဒေသကြီးရှိ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ ပြည်နှင့်သာယာဝတီခရိုင်တို့မှ ကုန်သည်လုပ်ငန်းရှင်များ၊ အထူးပြုကုမ္ပဏီများနှင့် ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းဆိုင်ရာ သင်တန်းများကိုလည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အထူးပြုကုမ္ပဏီများအနေဖြင့် တောင်သူများလိုအပ်နေသည့် မျိုး၊ သွင်းအားစုနှင့် နည်းပညာများ စဉ်ဆက်မပြတ် ပံ့ပိုးဆောင်ရွက်သွားစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ပြည်မြို့နယ်ကုန်စည်ဒိုင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီစက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က လုပ်ငန်းအလိုက် ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေများကို တင်ပြကြပြီး တက်ရောက်လာကြသူများက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ပြည်မြို့နယ် ခေတ္တရာစက်မှုဇုန်ရှိ ခေတ္တရာဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီ၏ ဇေယျာရွှေတည်ဆန်စက်၌ ဆန်များ ကြိတ်ခွဲထုတ်လုပ်မှုကို လည်းကောင်း၊ ရွှေတောင်မြို့နယ် ကြာနီကန်အုပ်စု ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးပံ့ပိုးငွေပေးအပ်မှုနှင့် လယ်ယာကုန်ထုတ်အသင်း ဖွဲ့စည်းရေး အခမ်းအနားသို့လည်းကောင်း တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ကြို့ပင်ကောက်မြို့နယ် ရွှေပြား ဆန်စပါးအထူးပြုကုမ္ပဏီ၏ ကိုပြားကြီး ဆန်စက်၌ ဆန်များကြိတ်ခွဲနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဥက္ကံအုပ်စု ရွှေဝါဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီ၏ မျိုးသန့်စိုက်ကွင်းတွင် တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အုတ်ဖိုမြို့ ဉသာဦး ပဲအထူးပြုကုမ္ပဏီက အကျိုးတူဆောင်ရွက်နေသည့် တောင်သူများအား မျိုးနှင့် သွင်းအားစု ထုတ်ပေးနေမှုနှင့် ဉသာဦး ပဲအထူးပြုကုမ္ပဏီ၏ ပဲသန့်စင်စက်၌ ပဲများ ကြိတ်ခွဲသန့်စင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့ရှိ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် လွယ်လင်၊ နမ့်စန်၊ လဲချား၊ ပင်လုံ၊ မိုင်းပွန်နှင့် ခိုလန်၌ ဓာတ်အားရရှိ

နေပြည်တော် မေ ၁၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၁၄ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့ရှိ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် လွယ်လင်၊ နမ့်စန်၊ လဲချား၊ ပင်လုံ၊ မိုင်းပွန်နှင့် ခိုလန်မြို့များ၌ လျှပ်စစ်ဓာတ်အားရရှိမှု၊ အသစ်ထပ်မံတိုးချဲ့ ဆောင်ရွက်လျက်ရှိသည့် ၆၆ ကေဗွီ လွိုင်လင်-ပင်လုံ-လဲချား-မိုင်းကိုင် ဓာတ်အားလိုင်း၊ ခိုလန်-ဝမ်ဆင်း-မိုင်းနောင် ဓာတ်အားလိုင်းများပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် ၆၆ ကေဗွီ မိုင်းနောင်-ကျေးသီး၊ မိုင်းနောင်-မိုင်းရှူး၊ မိုင်းနောင်-မိုင်းစံ ဓာတ်အားလိုင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အမြန်ပြီးစီးရေး မှာကြားသည်။

ဆက်လက်၍ နမ့်စန်မြို့ ၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံ၌ ကျိုင်းတောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ၁၃၂ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားဝင်ရောက်မှု၊ ၁၃၂/၆၆/၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေ ထရန်စဖော်မာနှင့် နမ့်စန်မြို့သို့ ဖီဒါလေးခုမှ ဓာတ်အားဖြန့်ဖြူးပေးမှု၊ ပိုလျှံသော ဓာတ်အားများကို National Gird သို့ ပို့လွှတ်မှု၊ ၆၆ ကေဗွီ နမ့်စန်-ခိုလန်-ဝမ်ဆင်းဓာတ်အားလိုင်း မိုင် ၂၀၊ ဝမ်ဆင်း-မိုင်းနောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၅၆ မိုင်၊ လွိုင်လင်-လဲချား-မိုင်းကိုင်ဓာတ်အားလိုင်း ၅၄ ဒသမ ၆ မိုင်နှင့် ခိုလန်-ဝမ်ဆင်း-မိုင်းနောင်-မိုင်းကိုင် မြို့များ၌ ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နမ့်စန်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဟိုပုံးမြို့ရှိ ၁၃၂ /၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ တည်ဆောက်မည့်မြေနေရာနှင့် ဟိုပုံးမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကြီးမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ပြည်နယ်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးစံလွင်တို့နှင့် ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရေးကိစ္စများကို ဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်/ခရိုင်/မြို့နယ်မှ ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၇-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၂၆၆	၀. ၀၃၂၉၇
တရုတ် (ယွမ်)	၆. ၅၀၆၉၀	၀. ၁၅၃၆၈
အိန္ဒိယ (ရူပီး)	၄၅. ၁၁၀၀	၀. ၀၂၂၁၇
မလေးရှား (ရင်းဂစ်)	၃. ၀၄၂၅၀	၀. ၃၂၈၆၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၉၉၁	၀. ၈၀၀၀၆
ဂျပန် (ယန်း)	၈၁. ၅၃၃၂	၀. ၀၁၂၂၆
တောင်ကိုရီးယား(ဝမ်)	၁၀၈၈. ၅၄	၀. ၀၀၀၉၂
ယူရို	၀. ၇၀၇၅၅	၁. ၄၁၃၃၃
ဗြိတိသျှ (ပေါင်)	၀. ၆၁၇၂၂	၁. ၆၂၀၁၇

အင်တာနက်။

aps;uu'yvrmoiwe; zirn

ရန်ကုန် မေ ၁၇

ဈေးကွက်ပညာရပ်ကို လေ့လာလိုက်စား စိတ်ပါဝင်စားသူများနှင့် အသက်မွေးဝမ်းကျောင်း ပြုလိုသူများအတွက် လုပ်ငန်းခွင်တွင် အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများကို ရရှိစေရန် စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းဖြစ်သော Diploma in Marketing သင်တန်းကို Thames Management Centre (Yangon) ၌ ဖွင့်လှစ်မည်ဖြစ်သည်။

အခြေခံကျသော ဈေးကွက်အယူအဆများ၊ ဈေးကွက်သုတေသနများ၊ ဈေးကွက်နည်းဗျူဟာများ၊ စားသုံးသူတို့၏ အပြုအမူများကို နားလည်စေရန်နှင့် ဈေးကွက်စီးပွားရေးအတွင်း စနစ်တကျရှိရမည့် လူမှုဆက်ဆံရေးဆိုင်ရာ နည်းပညာရပ်များကို တတ်ကျွမ်းရန်၊ စီးပွားရေးလုပ်ငန်းခွင်သုံး ကွန်ပျူတာ နည်းပညာအသုံးပြုနိုင်ရန် ရည်ရွယ်ကြောင်း သိရှိရသည်။ သင်တန်းတွင် ဘာသာရပ်လေးခုပါရှိမည်ဖြစ်ပြီး သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက စီးပွားရေးလုပ်ငန်းနယ်ပယ် အသီးသီးတွင် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ရရှိစေနိုင်မည်ဖြစ်ရာ အသေးစိတ် သိရှိလိုပါက Thames Management Centre ရန်ကုန် ဖုန်း-၀၁-၅၂၅၉၇၁၊ ၅၀၁၄၅၀နှင့် ၇၀၆၇၄၀၊ မြေနီကုန်း ပလာဇာဒုတိယထပ်(ဒဂုံစင်တာနှင့် ဂမုန်းပွင့်ကြား) ဗားကရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

❀ ရှေ့ဖုံးမှ

လုပ်ငန်းဆောင်ရွက်ခဲ့ရမှုများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်ခဲ့ရမှုများ၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပခဲ့ပုံများနှင့် လာမည့်ကာလ ကြားဖြတ်ရွေးကောက်ပွဲများတွင် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ဆွေးနွေးမှာကြားရာတွင် ပြည်သူများက လူကောင်းလူတော်များကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရေးအတွက် မိမိတို့ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် တာဝန်ထမ်းရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် အရေးကြီးသည့် အဖွဲ့အစည်းဖြစ်သည်ဟု ခံယူသတ်မှတ်ထားကြစေလိုကြောင်း၊ အခြေခံကျသည့် ရပ်ကွက်/ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များကို သွက်လက်၊ ထက်မြက်ပြီး လုပ်ငန်းစွမ်းဆောင်မှုရှိသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကျွမ်းကျင်ရေးအတွက် တစ်လတစ်ကြိမ် ဆွေးနွေးညှိနှိုင်းမှုများ၊ စာတမ်းဖတ်ပွဲများ၊ လေ့ကျင့်ပညာပေးမှုများ ပြုလုပ်ပေးနေရန်လိုကြောင်း၊ လိုအပ်သည့် ရုံးသုံးစာရေးကိရိယာများ၊ ကွန်ပျူတာနှင့် ပရင်တာများ၊ ဆက်သွယ်ရေးစက်များ ပိုမိုပြည့်စုံစွာဖြင့် အသုံးချနိုင်ရေးအတွက် ကြိုတင်စီမံထားကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ကဆုန်လပြည့်ဗုဒ္ဓနေ့" တရားတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၅)**
၈း၄၅	မြတ်သောအလှူ. . . ဆုထူးယူ
၉း၀၀	Activities In The City
၉း၁၅	တော်ဝင်ပလာဇာမှ Lion စတိုးဆိုင် သုံးပစ္စည်းများနှင့်စုပေါင်း ဈေးရောင်းပွဲတော်
၉း၃၀	အားကစားမြင်ကွင်းစုံ
၁၀း၀၅	Industrial Talk
၁၀း၄၅	ဓာတ်ပုံထဲမှအမှတ်တရများ (မင်းဟိန်း)
၁၁း၁၅	သင်ယူလေ့လာဂီတပညာ
၁၁း၃၀	ကြည့်ရှုစရာသတ္တဝါအစုံအလင်နဲ့ အပန်းဖြေအနားယူနိုင်တဲ့ ဗန်ကောက်မှ SAFARI WORLD
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ
၁၂း၃၅	စားချင်စဖွယ်နည်းအသွယ်သွယ်
၁း၀၀	"ကဆုန်လပြည့်ဗုဒ္ဓနေ့" တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၀၀	Activities In The City
၃း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇)**
၄း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၅)**
၄း၅၅	ဂီတနက်သန်ကိုစောညိန်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ အပိုင်း(၆)
၅း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၅း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	Singapore Day
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈)**
၇း၂၀	Cartoon Show Time
၈း၀၀	MRTV-4 သတင်း
၈း၃၀	Activities In The City
၈း၄၅	စကားဝါမြေမှ မေတ္တာရှင် ဇီဝိတဒါနအာရောဂျသာလာ သံဃာ့ဆေးရုံ
၉း၁၀	Celebrity Style
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၆)**
၁၀း၂၀	ဂီတသံစဉ်အလှဆင်
၁၀း၃၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၁း၀၅	အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
၁၁း၂၀	World of Knowledge
၁၂း၁၀	လေ့ကားသုံးထစ်ဆင်းတဲ့အခါ
၁၂း၂၀	Celebrity Profile
၁၂း၄၅	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ
၁း၀၅	Shooting Location
၁း၃၀	သန့်ရှင်းကျန်းမာသော. . . အာဟာရပြည့်မှုများနှင့်အတူ
၁း၄၅	နုယဉ်ဆန်းထွင် သစ်သီးအလှဆင်
၂း၀၀	ငှက်ပြတိုက်
၂း၁၀	စက်မှုစီးပွားထုတ်ကုန်အား
၂း၃၅	လူငယ် IT ပညာရှင်များနှင့် Software Engineering
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	မိုးကုတ်မြို့ရဲ့ ရှေးမှုမပျက်တဲ့ ရိုးရာရှင်ပြုအလှူမင်္ဂလာ
၄း၃၀	ကံပေါက်ဒေသမှ လေ့လာစရာများ
၄း၅၀	ကပ်လျှူပူဇော်ကုသိုလ်ယူမယ် ဆံတော်ရှင်ကျိုက်သုတ် စေတီတော်ဝယ်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဟောပြော

စစ်တွေ မေ ၁၇

ရခိုင်ပြည်နယ် စစ်တွေခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးပြီး ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မေ ၁၀ ရက် နံနက် ၈ နာရီက စစ်တွေမြို့နယ် သင်ပုန်းတန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်တွေခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ကျော်က ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အကြောင်းသိကောင်းစရာများကို ပညာပေး ဟောပြောသည်။

ယင်းနောက် တိရစ္ဆာန်ရောဂါများအကြောင်း ရုပ်ပုံကားချပ်များဖြင့် ခင်းကျင်းပြသရာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုကြကြောင်း သိရသည်။ (ခရိုင်မွေး/ကု)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်တော်အား အမွှေးနံ့သာရည်ဖြင့် သွန်းလောင်းပူဇော်စဉ်။ (သတင်းစဉ်)

✤ နိုင်ငံတစ်ဝန်းမှ

ရှေးဦးစွာ အခမ်းအနားမှူးက မဟာဗောဓိပင်တော်အား ညောင်ရေသွန်းလောင်းတော်မူကြရန် တိုက်တွန်းကြောင်း ဗောဓိရုက္ခောဒက ဥယျောဇနဂါထာကို ဖတ်ကြားပူဇော်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ဗောဓိပင်တော်အား အမွှေးနံ့သာရည်ဖြင့် သွန်းလောင်းပူဇော်ကြပြီး ဝတ်အသင်းအဖွဲ့များက ရေစင်ဖြင့် သွန်းလောင်းပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားမှူးက ဇယန္တောဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာအောင်ဂါထာကို ဖတ်ကြားပူဇော်ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ဝန်ကြီးဌာနများမှ ဝတ်အသင်းများ၊ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများက ဗုဒ္ဓဒေသနာတော်များဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကလည်း ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းကြကာ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း အစရှိသော ကုသိုလ်ပုညများကို ဆည်းပူးလျက်ရှိကြရာ စေတီတော်၌ အထူးစည်ကားများပြားလျက်ရှိသည်။

ထို့အတူ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိ ရပ်ကွက်ရှိ ဓာတုစေယ (ဓာတ်ပေါင်းစု) စေတီတော်နှင့် စေတီတော်ဝင်းအတွင်းရှိ မဟာမုနိရုပ်ပွားတော်မြတ်ကြီးတို့၌လည်း နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများက ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုများပြုကြပြီး စေတီတော်ပရိဝုဏ်အတွင်းရှိ ဗောဓိပင်တော်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူ ပျဉ်းမနားမြို့ရှိ စေတီ၊ ပုထိုးများတွင်လည်း ဗုဒ္ဓဘာသာဝင် ဒေသခံပြည်သူများသည် သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း၊ ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်း၊ ဓမ္မကထိက ဆရာတော်များထံမှ တရားဘာဝနာ နာယူခြင်းတို့ကို ပြုလုပ်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက်ရှိ ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် ဆုတောင်းပြည့်လောကမာရဇိန် စေတီတော်မြတ်ကြီး၌ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ (၃၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ညနေ ၄ နာရီခွဲတွင် ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မာန်အောင်ကျောင်းဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍဝနှင့် သံဃာတော်များက ဦးဆောင်၍ ဗုဒ္ဓဘာသာဝင်ပြည်သူများက ဘုရားဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ညောင်ရေသွန်းလောင်းပူဇော်ကြပြီး စေတီတော်ပရိဝုဏ်အတွင်း၌ ကောင်းမှုကုသိုလ်များ ဆောင်ရွက်ကြသည်။

ထို့နောက် ပျဉ်းမနားမြို့ ဘုရားကိုးဆူစေတီတော်၌လည်း (၁၂)ကြိမ်မြောက် ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို ညနေ ၅ နာရီတွင်ကျင်းပရာ ဆရာတော် သံဃာတော်များက ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ ဗုဒ္ဓဘာသာဝင်ပြည်သူများက မဟာဗောဓိညောင်ပင်အား သာသနာတော်ဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ညောင်ရေ သွန်းလောင်းပူဇော်ကြပြီး စေတီတော်ပရိဝုဏ်အတွင်း၌ ကောင်းမှုကုသိုလ်များ ဆောင်ရွက်ကြသည်။

ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိ ရပ်ကွက်ရှိ ဓာတုစေယ(ဓာတ်ပေါင်းစု) စေတီတော်ပရိဝုဏ်အတွင်းရှိ ဗောဓိပင်တော်အား ညောင်ရေသွန်းလောင်း ပူဇော်ကြစဉ်။ (သတင်းစဉ်)

ယနေ့ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ၌ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာသဘင်နှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၂၈)ကြိမ်မြောက် မဟာဗောဓိ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို နံနက် ၆နာရီတွင် စေတီတော်ရင်ပြင် အဂ္ဂိထောင့်၌ကျင်းပရာ ပရိဘောဂစေတီ မဟာဗောဓိညောင်ပင်အား ဆရာတော် အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဆရာတော်၊ သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ပရိဘောဂစေတီ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆူးလေစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို နံနက် ၇နာရီတွင်ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များသည် မြောက်ဘက်မုခ် ဗောဓိပင်တန်ဆောင်းသို့ ကြွရောက်၍ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဓာတုစေယ(ဓာတ်ပေါင်းစု) စေတီတော်ဝင်းအတွင်းရှိ မဟာမုနိရုပ်ပွားတော်မြတ်ကြီး၌ ပြည်သူများ လာရောက်၍ ကုသိုလ်ကောင်းမှုများ ပြုကြစဉ်။ (သတင်းစဉ်)

ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စွာ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန်အတွက် ဘာသာရေးအသင်းအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့ ၁၂ ဖွဲ့တို့က အလှူရှင်များကလည်း စတုဒိသာများ တိုက်ကျွေးကြသည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၃ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပွဲကို နံနက် ၆ နာရီခွဲတွင် စေတီတော်၌ ကျင်းပရာ ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးထွန်းဝင်းက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဥဒ္ဒိဿိယဇိန် ဗုဒ္ဓံစသောဂါထာဖြင့် ညောင်ရေတော် ရေချမ်းကို ကပ်လှူပူဇော်ကာ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဝရဒါဋ္ဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ တေရသမအကြိမ် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် စေတီတော် ဂန္ဓကုဋိတိုက်၌ မွန်းလွဲ ၁ နာရီခွဲတွင် ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက ဗုဒ္ဓရှင်တော်မြတ်အား ဘုရားရှိခိုးအမျိုးမျိုးဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး ဗောဓိညောင်ပင်၌လည်း ဘုရားဖူးလာပြည်သူများက ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို နံနက် ၇ နာရီတွင် နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ ဆိပ်ကမ်းမြို့နယ် ဝါဆိုကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ မဟာဗောဓိ မဂ္ဂင်မြိုင်ရှိ ဗောဓိညောင်ပင်အား ဆရာတော် သံဃာတော်များက မဟာဗောဓိ ဥဒကသိဉ္စနပါဠိတော်များ ရွတ်ဖတ်ပူဇော်ကာ ဆရာတော် သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများက ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ကြသည်။

မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ (၂၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို နံနက် ၈ နာရီတွင် ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများက မဟာဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၌ နံနက် ၅ နာရီတွင် ဂေါပကဩဝါဒါစရိယ ဆရာတော်များနှင့် ပဉ္စင်းသံဃာတော် စုစုပေါင်း ၅၄ ပါးတို့က စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဆွမ်းတော်ကြီးကပ်လှူပူဇော်ကြပြီး ဆရာတော် သံဃာတော်များနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ကဆုန်လပြည့်နေ့က နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ကျောင်းကုန်းကျေးရွာ ပြည်လုံးချမ်းသာ မိုးကောင်းဆုတောင်းပြည့် စေတီတော်ပရိဝုဏ်တွင် ပထမအကြိမ် ညောင်ရေသွန်းပွဲတော်ကျင်းပရာ ကျေးရွာပြည်သူများ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြစဉ်။ (ကြေးမုံ)

ညောင်ရေအိုး၊ အောင်သပြေ၊ အမွှေးနံ့သာများကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ စီစဉ်ပေးထားပြီး စတုဒိသာ

ကျင်းပရာ စေတီတော်အား ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာ **စာမျက်နှာ ၅ ကော်လံ ၁ သို့**✳

ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက်ရှိ ဆုတောင်းပြည့် လောကမာရဇိန် စေတီတော်မြတ်ကြီး၌ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ (၃၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။ (သတင်းစဉ်)

ကဆုန်လပြည့်နေ့က ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ဝန်ကြီးဌာနများမှ ဝတ်အသင်းများ၊ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများက ဗုဒ္ဓဒေသနာတော်များ ရွတ်ဖတ်ပူဇော်ကြစဉ်။ (သတင်းစဉ်)

※ စာမျက်နှာ ၄ မှ

တင်တော်မူကြပြီး ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်း၍ ရေစက်ချ အနုမောဒနာတရားနာယူကြသည်။

ထို့နောက် စေတီတော် တောင်ဘက်မုခ်အနီးရှိ မဟာဗောဓိညောင်ပင်၌ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဝေက ညောင်ရေသွန်းလောင်း ပူဇော်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားကာ ပရိဘောဂစေတီ မဟာဗောဓိပင်အား ရှိခိုးဝန္ဒနာပြု၍ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ဒသမအကြိမ် ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို နံနက် ၇ နာရီခွဲတွင်ကျင်းပရာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီးများ ဆက်ကပ်လှူဒါန်းကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများက ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြကာ ရင်ပြင်တော်ရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

မိုးကောင်းဆုတောင်းပြည့်စေတီတော်၌ နံနက် ၅ နာရီတွင် ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်ကို သံဃာတော် ကိုးပါးနှင့် အနေကဇာတင်မင်္ဂလာကျင်းပပြီး နံနက် ၈ နာရီတွင် ညောင်ရေသွန်းလောင်းခြင်းမင်္ဂလာ အခမ်းအနားစတင်ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းက ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘုရားဖူးပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကန်တော့ကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်၌ (၆၄)ကြိမ်မြောက် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ညောင်ရေသွန်းပွဲကို နံနက်ပိုင်းတွင် ကျင်းပရာ သန်လျင်မြို့ပေါ်ရှိ ရပ်ကွက်ကျေးရွာ ဝတ်အသင်းများ၊ အခြေခံပညာကျောင်းများမှ ဝတ်အသင်းများနှင့် ပြည်သူများက သာသနာ့ဗိမာန်တော် ပရိဝုဏ်ရှိ မဟာဗောဓိ ညောင်ပင်၌ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့နောက် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲတွင် ဆုရရှိကြသော ပြိုင်ပွဲဝင်အသင်းများအား သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများကို ချီးမြှင့်ကြသည်။

ညနေ ၃ နာရီတွင် သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ သံဃာတော်နှင့်သီလရှင် စုစုပေါင်း ၃၀၇ ပါးတို့အား ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း၊ သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ အလှူရှင်များက ငွေပဒေသာပင်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

ထို့အတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီး ဘုရား၊ ပုထိုး၊ စေတီတော်များဖြစ်ကြသော သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်၊ မိုးကောင်းစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ သမိုင်းဝင် အပရာဇိတ ကျိုက်ဝိုင်းဆံတော်ရှင်၊ မယ်လမုဘုရား၊ ဥက္ကလာပစေတီတော်၊ ကျိုက္ကလို့ ကျိုက္ကလဲ့စေတီတော်၊ သန်လျင်မြို့ရှိ ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ ခရမ်းမြို့ရှိ သွန်းဘုရားကြီး အပါအဝင် မြို့နယ်အသီးသီးရှိ ဘုရားပုထိုးစေတီတို့၌ ဗုဒ္ဓအခါတော်နေ့များ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားများကျင်းပကြပြီး ပရိဘောဂစေတီထိုက်သော မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ ထို့ပြင် ဒါန၊ သီလ၊ ဘာဝနာမှုတို့ဖြင့် ကုသိုလ်ကောင်းမှုပြုကြသူများကိုလည်း ကြည်နူးဖွယ်တွေ့ရှိရသည်။

မန္တလေးမြို့ပေါ်၌ နံနက်အရုဏ်တက်ချိန်မှစ၍ မြို့ပေါ်နှင့် အနီးဝန်းကျင်ရှိ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီတော်များ၌ ဒါနကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိရာ နံနက် ၄ နာရီခွဲတွင် မန္တလေးမြို့မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်း ကပ်လှူကာ ဆွမ်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။ ရဟန်းရှင်လူပြည်သူများကလည်း ရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်း ကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများအား ရေသပ္ပာယ်ခြင်း၊ သီတင်းသီလဆောက်တည်ကြခြင်း၊ ဘုရားကြီးပရိဝုဏ် အင်္ဂါထောင့်ရှိ ပရိဘောဂစေတီ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့အပြင် မန္တလေးမြို့ပေါ်ရှိ ရွှေကျီးမြင်ဘုရား၊ ဆုတောင်းရဘုရား၊ ဆုတောင်းပြည့်ဘုရား၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်အတွင်းရှိ သီပေါမင်းတရား တည်ထားကိုးကွယ်တော်မူခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိုမ် အောင်တော်မူမြတ်စွာဘုရားနှင့် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ရှိ မဟာဗောဓိပင်ဘုရားတို့၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်း ကပ်လှူခြင်း၊ သီတင်းသီလဆောက်တည်ခြင်း၊ ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်း ပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိရာ ဘုရားဖူးလာပြည်သူများအား ဂေါပကအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက စတုဒိသာကြာဆံဟင်း၊ အချိုရည်များဖြင့် ကျွေးမွေးဧည့်ခံလှူဒါန်းကြသည့်အပြင် ညောင်ရေသွန်းလောင်းပူဇော်ပွဲများကိုလည်း မြို့နယ်အသီးသီး၊ ရပ်ကွက်အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အလားတူပင် နိုင်ငံတစ်ဝန်းလုံးရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများ၌ ကဆုန်လပြည့်ဗုဒ္ဓအခါတော်နေ့အဖြစ် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားများ၊ ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်းများ၊ ပရိဘောဂစေတီ ဗောဓိပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ကုသိုလ်ပုည အနုမောဒနာသံများ ဝေစည်လျက်ရှိသည်။

(သတင်းစဉ်)

ကဆုန်လပြည့်နေ့က ရွှေတိဂုံစေတီတော်တွင် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

ကဆုန်လပြည့်နေ့က မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်း ကပ်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

ကဆုန်လပြည့်နေ့က ဝရဒါဌာ ဓာတုစေတီယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်)တွင် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့)က ရွှေတိဂုံစေတီတော်တွင် (၂၈) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

&eue\rK\awm0e 0;vjri tcevwaps;rsm; \un½ppaq;

ရန်ကုန်   မေ   ၁၇

ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက် ၇ နာရီတွင် တာမွေမြို့နယ်၊ ဒဂုံမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့ရှိ ဟင်းသီးဟင်းရွက်နှင့် သားငါးအခွန်လွတ်ဈေးနှင့် လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးသို့ သွားရောက်၍ ရောင်းချသည့် စားသောက်ကုန်ပစ္စည်းများ လတ်ဆတ်မှုရှိရေး၊ ဈေးနှုန်းချိုသာမှုရှိရေးတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် လှိုင်မြို့နယ်၌ ထမ်မံတိုးချဲ့ဖွင့်လှစ်မည့် သီရိမင်္ဂလာ ဘုရင့်နောင်ဈေးသစ်တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဈေးရုံများနှင့် ဆိုင်ခံဗောတံတား တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကမာရွတ်မြို့နယ် ဟံသာဝတီ ဟင်းသီးဟင်းရွက်နှင့် သားငါးအခွန်လွတ်ဈေးအတွင်း ရောင်းဝယ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

&eue\rK\awm pnyiom,ma&;aumrwu r;&mowi opyi 275000 ausm puys\;rn

ရန်ကုန်   မေ   ၁၇

၂၀၁၁ ခုနှစ် မိုးရာသီကာလတွင် ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီး၌ ခရေ၊ တမာ၊ ရေတမာ၊ ကံ့ကော်၊ စိန်ပန်း၊ ငုရွှေဝါ၊ တယ်ကြီး၊ ပိတောက်၊ ယင်းမာနှင့် မဟော်ဂနီပင်များ အပါအဝင် အရိပ်ရပင် ၉၁၆၆၀၊ ပန်းအလှပင် ၃၃၉၁၂ ပင်၊ ကျွန်းပင် ၁၀၀၀၀၀ နှင့် ထန်းပင် ၅၀၀၀၀ စုစုပေါင်း သစ်ပင် ၂၇၅၀၀၀ ကျော်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်မြို့ စိမ်းလန်းစိုပြည်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ အရိပ်ရပင်၊ ပန်းအလှပင်များနှင့် သစ်တောသစ်ပင်များအား နှစ်စဉ် စီမံချက်ရေးဆွဲကာ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ဌာနအောက်ရှိ ပျိုးခြံခြောက်ခု၌ ဌာနအစီအစဉ်ဖြင့် စီမံချက်ရေးဆွဲကာ ပန်းဥယျာဉ်လုပ်သား ၁၅၀၀ ခန့်ဖြင့် နှစ်စဉ်ပုံမှန်စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

နီပေါနိုင်ငံ အနောက်တောင်ပိုင်း၌ တည်ထားသည့် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကြီးအား ဤသို့တွေ့ရစဉ်။ *ဓာတ်ပုံ-အင်တာနက်။*

uqevjynae eaygEiiü qi,iusi;y

ခတ္တမန္ဒူ မေ ၁၇

ဗုဒ္ဓဘုရားရှင်၏ မွေးနေ့တော်အထိမ်းအမှတ်အဖြစ် နီပေါနိုင်ငံ အနောက်တောင်ပိုင်း ဘုရားကျောင်းတစ်ခုတွင် ဗုဒ္ဓဘာသာဝင် ထောင်ပေါင်းများစွာတို့သည် အင်္ဂါနေ့က ပိဋကတ်တော်လာ သုတ္တန်နှင့်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၅၅ နှစ်ခန့်က ဗုဒ္ဓဘုရားရှင် ဖွားတော်မူရာနေရာ၌ တည်ဆောက်ခဲ့သည်ဟု ယူဆရသော မာယာဒေဝီကျောင်းတော်သို့ ဗုဒ္ဓဘာသာဝင် ၅၀၀၀၀ ကျော် လာရောက်ခဲ့ကြောင်း နီပေါ ရဲတပ်ဖွဲ့က ခန့်မှန်းထားသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဗုဒ္ဓဘာသာဝင်များသည် မာယာဒေဝီကျောင်းတော်၌ ပန်းနှင့်သစ်သီးများ ကပ်လှူပူဇော်ခဲ့ကြသည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မှ မိုင် ၁၅၀ အကွာ လုမ္ဗိနီဥယျာဉ်၌ ဗုဒ္ဓအလောင်းအလျာဖြစ်သော သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ခဲ့သည်။

ဗုဒ္ဓအလောင်းလျာ သိဒ္ဓတ္ထမင်းသားသည် မိသားစုနှင့် မင်းစည်းစိမ်ကိုစွန့်၍ နီပေါနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရှိ သစ်တောများထဲတွင် နိဗ္ဗာန်ရောက်ကြောင်း တရားများကို ကျင့်ကြံအားထုတ်ခဲ့သည်။

မာယာဒေဝီကျောင်းတော်ကြီး၌ ကျင်းပသော ကဆုန်လပြည့်နေ့ အခမ်းအနားတစ်ခုတွင် နီပေါသမ္မတ ရမ်ဘာရန်ယာဒေ့သည် နျူကလီးယားလက်နက်ဆန့်ကျင်ရေး လှုပ်ရှားမှုများ၌ တက်တက်ကြွကြွပါဝင်ခဲ့သော ဂျပန်နိုင်ငံသားနှစ်ဦးအား နီပေါနိုင်ငံ၏ ငြိမ်းချမ်းရေး ဆုတံဆိပ်ကို ချီးမြှင့်ခဲ့သည်။

အင်တာနက်။

aew;pp&[w,mOEppi; avaluni;yieuusL;ausm e,py& ygupwelun;wy ui;pce;u wucu

အစ္စလာမ္မာဘတ် မေ ၁၇

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့မှ စစ်ရဟတ်ယာဉ်နှစ်စင်းသည် ပါကစ္စတန်လေကြောင်းပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာခဲ့ပြီး ပါကစ္စတန်ကြည်းတပ် ကင်းစခန်းတစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း၊ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး နယ်ခြားဒေသရှိ ကင်းစခန်းမှ ပါကစ္စတန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိကြောင်း ပါကစ္စတန်စစ်ဘက်က မေ ၁၇ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

မြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ် တိုင်းရင်းသားလူမျိုးစု နေထိုင်ရာဒေသရှိ ပါကစ္စတန်ကြည်းတပ်ကင်းစခန်း၌ စောင့်ကြပ်နေသော တပ်ဖွဲ့ဝင်များက နေတိုးစစ်ရဟတ်ယာဉ်နှစ်စင်းကို ပြန်လည်ပစ်ခတ်ခဲ့ကြောင်း ရာဝါပင်ဒီမြို့ရှိ ပါကစ္စတန်ကြည်းတပ်ဌာနချုပ်၏ သတင်းကြေညာချက်တွင်ဖော်ပြသည်။

နေတိုးစစ်ရဟတ်ယာဉ်များ ကျူးကျော်ဝင်ရောက်လာမှုကိစ္စနှင့် ပတ်သက်၍ အာဖဂန်နစ္စတန်နိုင်ငံ အခြေစိုက် နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ထံ ပါကစ္စတန်ကြည်းတပ်က ပြင်းထန်စွာကန့်ကွက်ခဲ့သည်။

တောင်တန်းထူထပ်သော မြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ် နယ်စပ်ဒေသ၌ အာဖဂန်နှင့် ပါကစ္စတန်စစ်သွေးကြွများက အာဖဂန်နစ္စတန်နိုင်ငံ၏ နယ်စပ်ဒေသကိုဖြတ်ကျော်ကာ အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်သည့်ဖြစ်ရပ်များ မကြာခဏ ပေါ်ပေါက်ခဲ့သည်။

ကျူးကျော်

မြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ်ရှိ ဒတ်တာကီးလ်ဒေသ၌ မေ ၁၇ ရက် နံနက်ပိုင်းက နေတိုးစစ်ရဟတ်ယာဉ်များ၏ ကျူးကျော်မှု ပေါ်ပေါက်ခဲ့သည်။

ကျူးကျော်လာသော နေတိုးရဟတ်ယာဉ်များပေါ်မှ လိုက်ပါလာသော တပ်ဖွဲ့ဝင်များ မည်သည့်နိုင်ငံသားဖြစ်သည်ကို မသိရပေ။ ***အင်တာနက်။***

ယမန်နှစ်က အစ္စရေး တပ်ဖွဲ့ စီးနင်းတိုက်ခိုက်ခဲ့သည့် အကူအညီပေးရေးသင်္ဘော "မာဗီမာမားရား" ကို တွေ့ရစဉ်။ *ဓာတ်ပုံ-အင်တာနက်။*

နျူလက်နက်ပိုင်ဆိုင်မှုကြောင့် အီရတ်၏ ကံကြမ္မာမျိုး ပါကစ္စတန် ကြုံခဲ့ရခြင်း မရှိဟုဆို

အစ္စလာမ္မာဘတ် မေ ၁၇

ပါကစ္စတန်နိုင်ငံအနေဖြင့် အီရတ်နိုင်ငံကဲ့သို့ ကံကြမ္မာမျိုးနှင့် ကြုံဆုံရခြင်းမရှိစေရန် နျူကလီးယား လက်နက်များက အကာအကွယ်ပြုပေးထားကြောင်း ပါကစ္စတန်နိုင်ငံ နျူကလီးယား အစီအစဉ်၏ ရှေ့ဆောင်တစ်ဦးဖြစ်သူ အဗ္ဗဒူကေဒါခန်းက မေ ၁၆ ရက်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်များသည် အိမ်နီးချင်း မဟာပြိုင်ဘက် အိန္ဒိယနိုင်ငံနှင့် ဖြစ်ပွားမည့် စစ်ပွဲကို တားဆီးထားနိုင်ကြောင်း ကေဒါခန်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် အစီအစဉ်များ ချမှတ်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက စွပ်စွဲခဲ့သည်။ အကယ်၍ အီရတ်နိုင်ငံသည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားခဲ့ပါက ယနေ့ ကြုံဆုံနေရသော စစ်ပွဲအနိဋ္ဌာရုံတို့ကို ကြုံတွေ့ရလိမ့်မည် မဟုတ်ကြောင်း ကေဒါခန်းက ပြောကြားသည်။

၁၉၇၁ခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံသည် နျူကလီးယား လက်နက်ပိုင်ဆိုင်ခဲ့ပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လွတ်လပ်ရေး ရယူနိုင်မည်မဟုတ်ကြောင်း ခန်းက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသားအများစုသည် အစ္စလာမ်ကမ္ဘာ၏ ပထမဆုံး နျူကလီးယားဗုံးကို တည်ဆောက်နိုင်ခဲ့သော ကေဒါခန်းကို အမျိုးသားသူရဲကောင်းအဖြစ် မှတ်ယူထားကြသည်။

နျူကလီးယားလက်နက်ဆိုင်ရာ လျှို့ဝှက်ချက်များကို အခြားနိုင်ငံများသို့ ၎င်းအနေဖြင့် တရားမဝင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ကေဒါခန်းက ၂၀၀၄ ခုနှစ်တွင် ဝန်ခံခဲ့သည်။

ဆင်းရဲတွင်းနက်ပြီး အမေရိကန်ပြည်ထောင်စု၏ ငွေကြေးအကူအညီ ဒေါ်လာဘီလီယံပေါင်းများစွာကို နှစ်စဉ် လက်ခံရယူနေရသည့် ပါကစ္စတန်နိုင်ငံသည် ၎င်း၏ နျူကလီးယားအစီအစဉ်ကို ဆက်လက်ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း ယူဆထားကြသော ပါကစ္စတန်နိုင်ငံသားများကို ကေဒါခန်းက ရှုတ်ချခဲ့သည်။

အင်တာနက်။

အစ္စရေး-တူရကီဆက်ဆံရေး ဂါဇာသင်္ဘောအုပ်စု ခြိမ်းခြောက်လျက်ရှိ

အစ္စတန်ဘူလ် မေ ၁၇

ပါလက်စတိုင်းတို့အား ထောက်ခံသူတူရကီတို့၏ ဂါဇာ အကူအညီပေးရေးသင်္ဘောကို အစ္စရေးရေတပ်က သွေးထွက်သံယိုဖြစ်သည်အထိ စီးနင်းတိုက်ခိုက်ခဲ့ပြီးသည့်နောက် တစ်နှစ်အကြာတွင် အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ထားခြင်းအား ချင်းနင်းဝင်ရောက်မည့် အကူအညီပေးရေး နောက်ထပ်သင်္ဘောအုပ်စုသည် တူရကီ-အစ္စရေးတို့၏ နှစ်နိုင်ငံ ဆက်ဆံရေးကို ထပ်မံထိုးနှက်ရန် ခြိမ်းခြောက်လျက်ရှိသည်။

လွန်ခဲ့သည့် တစ်နှစ်ကျော်အချိန်မှစ၍ တစ်ချိန်က မိတ်ဆွေဖြစ်ခဲ့သည့် နှစ်နိုင်ငံအကြား ဆက်ဆံရေးပြန်လည်ကောင်းမွန်စေရေးအတွက် ဆွေးနွေးပွဲများ အကြိမ်ကြိမ် ကျင်းပခဲ့သော်လည်း နှစ်နိုင်ငံဆက်ဆံရေး အကျပ်အတည်းကြားမှ ရုန်းမထွက်နိုင်ဘဲရှိကြောင်း တူရကီသံတမန်တစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားသည်။

ယမန်နှစ်က တူရကီသင်္ဘော "မာဗီမာမားရား" ကို အစ္စရေးတို့ ဝင်စီးစဉ်က လူသေဆုံးမှုများကို စုံစမ်းစေခဲ့သည့် ကုလသမဂ္ဂကော်မရှင်က ပြန်လည်သင့်မြတ်ရေးအဆိုပြုချက် အပေါ် နှစ်နိုင်ငံလုံးကသဘောတူခြင်းမရှိခဲ့ကြောင်း ၎င်းသံတမန်က ပြောသည်။

အဆင်သင့်ဖြစ်

ထိုဂါဇာပိတ်ဆို့ထားမှုကို ထိုးဖောက်ရန် နောက်ထပ်ကြိုးစားခြင်းအဖြစ် ဇွန်လတွင် ဂါဇာသို့ထွက်ခွာရန် ကူညီရေးသင်္ဘောအုပ်စုက အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ယင်းသည် တင်းမာနေသည့် နှစ်နိုင်ငံဆက်ဆံရေးကို ထပ်မံထိခိုက်စေမည်ဖြစ်သည်။

မာဆေးမြို့ ဆိပ်ကမ်းအပါအဝင် ဥရောပဆိပ်ကမ်းများမှ ခရီးသည်များနှင့် အထောက်အပံ့ပစ္စည်းများတင်ဆောင်ထားသည့် အနည်းဆုံးသင်္ဘော ၁၂စင်းသည် ဇွန်လ တတိယပတ်တွင် ဂါဇာသို့ ထွက်ခွာမည်ဖြစ်ကြောင်း ယမန်နှစ်က လှုပ်ရှားမှုကို ဦးဆောင်ခဲ့သူ တူရကီအစ္စလာမ္မစ်စေတနာရှင်များအဖွဲ့မှ ကာစီမာအီဗန်ဆာလန်က ပြောသည်။

ပါဝင်မည်

"လွတ်မြောက်ရေးသင်္ဘောအုပ်စု အမှတ် ၂" ဟု အမည်ပေးထားသည့် အဆိုပါသင်္ဘောအုပ်စုတွင် အီတလီ၊ မလေးရှား၊ စပိန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ အဖွဲ့များလည်းပါဝင်မည်ဖြစ်သည်။ **အေအက်ဖ်ပီ။**

အပင်သန်ဆေးများ အလွန်အကျွံကျွေးသဖြင့် ဖရဲသီးများ ပေါက်ကွဲ

ပေကျင်း မေ ၁၇

စိုစွတ်သည့်ရာသီအတွင်း အပင်သန်ဆေးများကို အလွန်အကျွံကျွေးပြီးသည့်နောက် ဖရဲခင်းများအတွင်းရှိ ဖရဲသီးများမှာ မိုင်းပေါက်သည့်နှယ် ပေါက်ကွဲကုန်သည့်အဖြစ်နှင့် တရုတ်ယာခင်းရှင်များ ကြုံတွေ့ခဲ့ရကြောင်း အင်တာနက်သတင်းများ၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစူးပြည်နယ် ဒန်ယန်းမြို့ပတ်ဝန်းကျင်ရှိ ယာသမား ၂၀ ခန့်တို့၏ ဖရဲခင်း ၁၁၅ ဧကခန့် အထက်ပါအဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

လွန်ခဲ့သည့် နှစ်များအတွင်း ဖရဲဈေးကောင်းခဲ့ခြင်းကြောင့် တရုတ်ယာသမားအများအပြား ဖရဲဈေးကွက်အတွင်းသို့ ခြေစုံပစ်ဝင်ခဲ့ကြကြောင်း၊ အပင်သန်ကြီးထွားဆေး (Forchlorfenuron)ကို ရံဖန်ရံခါ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလေ့ရှိကြသော်လည်း ဖရဲသီးများပေါက်ကွဲမှုနှင့် ကြုံရသည့် ဖရဲခင်းရှင်များမှာ ဖော်ပြပါ အပင်သန်ကြီးထွားဆေးကို ယခုအကြိမ် ပထမဆုံး စတင်သုံးစွဲသူများဖြစ်သည်ဟုသိရကြောင်း တရုတ်ဗဟို ရုပ်မြင်သံကြားဌာန(စီစီတီဗွီ)က ထုတ်လွှင့်သွားသည်။

ဖရဲသီးများ ပေါက်ကွဲရသည့်အကြောင်းရင်းမှာ ယာခင်းရှင်များက ၎င်းဆေးကို အလွန်အမင်းစိုစွတ်နေသည့် ရာသီဥတုအချိန်တွင် သုံးစွဲခဲ့ခြင်းနှင့် အပင်ကို ဆေးကျွေးချိန် အလွန်နောက်ကျခဲ့ခြင်းတို့ကြောင့်ဖြစ်သည်ဟု စိုက်ပျိုးရေးပညာရှင်များက ပြောကြားသည်။

အင်တာနက်။

ကျန်းစူးပြည်နယ် ကျန်ဂျီအန်မြို့မှ ယာခင်းရှင်တစ်ဦးက ပေါက်ကွဲသွားသော ဖရဲသီးများကို ပြသနေစဉ်။ *(ဓာတ်ပုံ-အေပီ)*

ဂျာဗားကျွန်းကမ်းလွန်၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

ဂျကာတာ မေ ၁၇

မေ ၁၇ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းကမ်းလွန်တွင် အင်အား မဂ္ဂနီကျု ၆ ဒသမ ၁ ရှိ မြေငလျင်တစ်ရပ် လှုပ်ခတ်ခဲ့ရာ ယင်းငလျင်ကြောင့် ဆူနာမီ ဖြစ်ပေါ်မှုမရှိဘဲ ထိခိုက်ပျက်စီးမှု သတင်းများလည်း မရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ငလျင်သည် ဂျကာတာစံတော်ချိန် နံနက် ၇ နာရီ ၁၄ မိနစ်တွင် အရှေ့ဂျာဗားကျွန်း ဘီလ်တာမြို့မှ အရှေ့တောင်ဘက် ကီလိုမီတာ ၁၇၀ အကွာရှိ ပင်လယ်ရေအောက် အနက် ၂၅ ကီလိုမီတာခန့်ကို ဗဟိုပြုကာ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဘူမိရူပအေဂျင်စီမှ တာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ***ဆင်ဟွာ။***

quo , a&;u@u tre;csi;? a'owi;Eiirsm;Ei we;w&nwjzpapa&; tx;Bu;pm;aqmi&u

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မိုဘိုင်းဆက်သွယ်မှု ကွန်ရက်စနစ်တည်ဆောက်ရေးနှင့် တပ်ဆင်ရေးအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၁)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၇

နိုင်ငံတော်၏ ဆက်သွယ်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ကြောင်း၊ Online စနစ် အသုံးပြုမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်သဖြင့် လုပ်ငန်းအဆင့်ဆင့်ကို လုပ်ကိုင်ရာတွင် Human Factor ဆိုသည့် လူပါဝင်လုပ်ဆောင်မှု အပိုင်းများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ Online စနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်မှုသည် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရ ပေါ်ပေါက်ရန်ဟူသည့် နိုင်ငံတော်သမ္မတ၏ မှာကြားချက်ကို အကောင်အထည်ဖော်ရာတွင် ကြီးမားစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းဖြင့် ရန်ကုန်မြို့ရှိ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ယမန်နေ့က ကျင်းပသည့် မိုဘိုင်းဆက်သွယ်မှုကွန်ရက်စနစ် တည်ဆောက်ရေးနှင့် တပ်ဆင်ရေးအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်မှာကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်ရာတွင် ဆက်သွယ်ရေးကဏ္ဍ ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရေးသည်လည်း အဓိကလိုအပ်ချက်တစ်ခုဖြစ်ရာဆက်သွယ်ရေးကဏ္ဍကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် တန်းတူရည်တူဖြစ်စေရေး အထူးကြိုးစား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မိုဘိုင်းဆက်သွယ်မှု တိုးချဲ့ရေးစီမံကိန်းကို ဆောင်ရွက်ရာတွင် ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်၏ ကြီးကြပ်မှုကိုခံယူ၍ ဆောင်ရွက်သွားနိုင်ရန်နှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် လိုအပ်နေသည့် မိုဘိုင်းဖုန်းများကို တိုးချဲ့တပ်ဆင်သွားနိုင်ရန်အတွက် နိုင်ငံတော်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ပူးပေါင်းလုပ်ဆောင်သွားနိုင်ရန် ရည်ရွယ်ထားကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ခြင်းသည် ASEAN Frame Work တွင်ပါသော P.P.P ဆိုသည့်(Public Private Partner ship) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ခြင်းကို အကောင်အထည်ဖော်ခြင်းပင်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ဖြစ်၍ သင်တန်းသား၊ သင်တန်းသူ ၁၀၆ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

trsK;om;umu , aq;wuaersm; ရှမ်းပြည်နယ်ဒေသအလိုက်ကျင်းပ

နေပြည်တော် မေ ၁၇

ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အခမ်းအနားကို မေ ၁၄ရက် နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးတို့က ငါးနှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြပြီး ညောင်ရွှေဟော်ကုန်းရပ်ကွက် နဝရတ်ခန်းမ ကာကွယ်ဆေးတိုက်စုရပ်နှင့် ညောင်ဖြူစခန်းရပ်ကွက်ရှိ စာကြည့်တိုက် ကာကွယ်ဆေးတိုက်စုရပ်များ၌ ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခြင်းကို သွားရောက်အားပေးကြည့်ရှုခဲ့ကြသည်။

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ရှမ်းပြည်နယ်အတွင်း တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ပင်လောင်း၊ ဖယ်ခုံ၊ ရပ်စောက်၊ ရွာငံ၊ ပင်းတယ၊ လားရှိုး၊ သိန်းနီ၊ ကျောက်မဲ၊ နောင်ချို၊ သီပေါ၊ မိုးမိတ်၊ မဘိမ်း၊ မူဆယ်နှင့် ကွတ်ခိုင်မြို့နယ် ၁၇ မြို့နယ်တို့၌ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ရှမ်းပြည်နယ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အခမ်းအနားတွင် ငါးနှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးစဉ်။ (သတင်းစဉ်)

ဝက်နားရွက်ပြာရောဂါ အသိပညာပေးဆွေးနွေးပွဲ သန်လျင်၌ကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဝက်နားရွက်ပြာရောဂါ အသိပညာပေးဆွေးနွေးပွဲကို မေ ၁၂ ရက် နံနက် ၁၀ နာရီတွင် ခရိုင်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း**(အောက်ပုံ)**က အမှာစကားပြောကြားပြီး ဝက်နားရွက်ပြာရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝါဝါတို့က အသိပညာပေး ဆွေးနွေးခဲ့ကြောင်းသိရသည်။ (၅၂၇)

ဒုတိယဝန်ကြီး ဦးမောင်မြင့် လာအိုနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဘွန်ခတ်ဆန်ဆွန်မ်ဆက်ခ်၏ ဖိတ်ကြားချက်အရ မေ ၁၁ ရက်မှ ၁၄ရက်အထိ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ကျင်းပသည့် (၆) ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံ မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

(၆)ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံ မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် လာအိုနိုင်ငံ ပတ်ခ်ဆေးမြို့ Champasak Grand Hotel အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဘွန်ခတ်ဆန်ဆွန်မ်ဆက်ခ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်း ဖြစ်ပေါ်တိုးတက်မှု အခြေအနေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းနှင့် အာဆီယံအဖွဲ့အတွင်း အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သင့်သည့် နယ်ပယ်များနှင့် နည်းလမ်းများကို အလေးပေး ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် Pakse Hotel၌ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဘွန်ခတ်ဆန်ဆွန်မ်ဆက်ခ်က တည်ခင်းသည့် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

a&p;a&vm aumi;rea&;aqmi&u

လှိုင်လင် မေ ၁၇

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မေ ၉ ရက်တွင် ဗိုလ်ချုပ်လမ်း ဘေးဝဲ/ယာ ရေစီးရေလာကောင်းမွန်စေရေးအတွက် အဖွဲ့ပိုင် မြေတူးယန္တရားဖြင့် တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် ဦးစီးအရာရှိ ဦးမျိုးဇော်တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ယ နေ့ ဖတ် စ ရာ သ တင်း မှတ် စု

ငါးရစ်တစ်ကောင် [illegible] ထောင်သောင်းတို့မှာ [illegible]

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများသည် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား ရေပြင်ရေရိုးများ၌ ဥများဖြင့် ပြည့်ဝနေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်နေသော ငါးထီးကြီးများတို့မှာ ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက် မိတ်လိုက်မျိုးပွားကြသည့်ရာသီ ဖြစ်ပါသည်။

အလေးချိန် သုံးပိဿာရှိသော ငါးကြင်းမျိုး ငါးမကြီးတစ်ကောင်သည် တစ်ကြိမ်လျှင် ဥပေါင်း တစ်သန်းခန့် ဥချပေါက်ပွားနိုင်ပါသည်။ ထိုဥချပေါက်ပွားမည့် ငါးရစ်ငါးကြီးများကို ဖမ်းဆီးစားသုံးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များ ပျက်စီးဆုံးရှုံး၍ တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာစားသုံးနိုင်မည့် အရေး ပျက်ပြားကာ ငါးမျိုးများလည်း ရေရှည်တွင် ပြုန်းတီးသွားစေနိုင်ပါသည်။

လုပ်ငန်းနယ်ပယ်တိုင်းတွင် ဆောင်ရွက်ရမည့်နည်းလမ်းနှင့် လိုက်နာရမည့်စည်းကမ်းဟူ၍ ရှိပါသည်။ သားကောင်ရှာသည့် အမဲလိုက်မုဆိုးများသည် ဗီး(ကိုယ်ဝန်)ရှိသည့် သားကောင်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရပါ။ ထိုစည်းကမ်းကို ဖောက်ဖျက်ပါက ထိုမုဆိုးသည် တောမှောက်ကာ ဘေးအန္တရာယ်ဆိုးများ ကျရောက်သည်ဟု ယုံကြည်မှုရှိကြပါသည်။

သားကောင်နှင့် မုဆိုးကြား ပိုင်းခြားထားသော ထိုစည်းကမ်းသည် တစ်ဦးတစ်ယောက်က ဥပဒေပြုပြဋ္ဌာန်း၍ တားမြစ်ထားသည်မဟုတ်ပါ။ လူသားနှင့် သတ္တဝါကြား စာနာစိတ်အသိတရားဖြင့် တားဆီးထားခြင်းသာဖြစ်ပါသည်။ အတ္တလောဘဖြင့် ဖောက်ဖျက်မိပါကလည်း မသိစိတ်တွင် စွဲထင်နေသော ခြောက်လှန့်မှုဖြင့် နောင်တတရားများ အကြိမ်ကြိမ်ရနေတတ်ပါသည်။

ယနေ့အခါတွင် နိုင်ငံအသီးသီး၌ လူသားတို့၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ ဖမ်းဆီးသတ်ဖြတ်နေမှုကြောင့် မျိုးသုဉ်းပျောက်ကွယ်တော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော သားငှက်တိရစ္ဆာန်များ အပါအဝင် ကုန်းနေရေနေ သတ္တဝါများစာရင်းကို စာနယ်ဇင်းများတွင် ဖတ်ရှုကြားသိနေရပါသည်။ အဆိုပါ ရှားပါးသတ္တဝါများကိုလည်း နိုင်ငံအလိုက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ရောင်းဝယ်ဖောက်ကားခွင့် ပိတ်ပင်ထားကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၌လည်း ဧရာဝတီလင်းပိုင်၊ လင်းပိုင်၊ ဝေလငါး၊ ငါးမန်း၊ ရေဝက်၊ လင်းရှူး၊ သန္တာကျောက်တန်း၊ ရေပုတ်သင်၊ ရေနဂါး၊ မိကျောင်း၊ ပင်လယ်လိပ်၊ ရေချိုလိပ် အစရှိသည့် ရေသယံဇာတ ၁၂မျိုးကို ရှားပါးသတ္တဝါများအဖြစ် ရောင်းဝယ်ဖောက်ကားခွင့်ကို တားဆီးပိတ်ပင်ထားပါသည်။

မြန်မာနိုင်ငံသည် ရေသယံဇာတအရင်းအမြစ်များကြွယ်ဝသည့် နိုင်ငံဖြစ်ပေရာ ရေငန်ပိုင်းတွင် ရခိုင်၊ တနင်္သာရီ ကဲ့သို့ ကမ်းရိုးတန်းဒေသများ၊ ရေချိုပိုင်း၌ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများ၊ မြစ်ချောင်း၊ အင်းအိုင်၊ ရေတိမ်ဒေသများနှင့် အင်းတော်ကြီး၊ အင်းလေးကဲ့သို့ သဘာဝကန်ကြီးများ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြီးကဲ့သို့ ရေချိုရေငန်စပ်ပိုင်းဒေသများစသည်ဖြင့် ရေသယံဇာတများ စုံလင်များပြားလှပေရာ အဆိုပါ ရေထုများအတွင်း ရေငန်ငါးမျိုးစိတ် ၅၅၀ ခန့်နှင့် ရေချိုငါးမျိုးစိတ် ၃၀၀ ခန့် နေထိုင်ကျက်စားလျက်ရှိပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ရေသယံဇာတများ ရေရှည်တည်တံ့စေပြီး စဉ်ဆက်မပြတ် ထုတ်နုတ်သုံးစွဲစားသုံးနိုင်ရေးအတွက် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ မြန်မာ့ဇာတိငါးသယံဇာတများ မျိုးပြုန်းတီးမှုမဖြစ်ပေါ်စေရေးအတွက် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများကို ဖမ်းဆီးခြင်းမပြုရန် အမိန့်ကြော်ငြာစာအမှတ်-၂/၉၂ ဖြင့် ထုတ်ပြန်၍ တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန်လည်း ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့ရေနေသယံဇာတများ မျိုးသုဉ်းပျက်စီးမှုမှ ကာကွယ်ရန်လည်းကောင်း၊ သဘာဝရေပြင်ရေရိုးများအတွင်း ငါးမျိုးများ ပေါများကြွယ်ဝနေစေရန်အတွက်လည်းကောင်း၊ မိမိတို့ သားစဉ်မြေးဆက် နောင်လာနောက်သားများ၏ ရေရှည်အကျိုးအတွက်သော်လည်းကောင်း ငါးမျိုးများဥချမျိုးပွားသည့် ငါးရစ်ငါးသန်ရာသီချိန်တွင် ငါးရစ်ငါးများအား ဖမ်းဆီးသတ်ဖြတ်စားသုံးခြင်း မပြုကြရန်ဟူသော ခံယူချက်ကို မိမိကိုယ်၌လည်း တည်ဆောက်၊ အများပြည်သူကိုလည်း လိုက်နာဆောင်ရွက်စေသော ပညာပေးအသိတရားဖြန့်ဝေခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံသားများအနေနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားဖော်ပြအပ်ပါသည်။ ။

စံလွင် (ငါးလုပ်ငန်းဦးစီးဌာန)

မြဝတီခရိုင် မြဝတီမြို့နယ် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က မြို့နယ်မီးသတ်စခန်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး အဖွင့်အမှာစကားပြောကြားစဉ်။ (၅၇၀)

❖ ကျောဖုံးမှ

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် စာပေလောက၏ မဏ္ဍိုင်ဖြစ်ပြီး စာပေလောကကို ဦးဆောင်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးသမား၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေလောကသားများအပါအဝင် အားလုံးက အမျိုးသားရေးကို အခြေခံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီရေးများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တစ်သက်တာစာပေဆု

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၀ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာစာပေဆုရ စာရေးဆရာကြီး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)၊ ၂၀၁၀ ခုနှစ်အတွက် ကဗျာပေါင်းချုပ် ပထမဆုရ "အမေ့လမင်း အလင်းသံစဉ်ကဗျာများ" ရေးသားသူ မောင်ဟန်တင့်(ပင်လည်ဘူး)၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ "မေတ္တာဆမ်းတဲ့ ပန်းလက်ဆောင်ကဗျာများ" ရေးသားသူ မြေလတ်မင်းလွင်၊ ကဗျာပေါင်းချုပ် တတိယဆုရ "ငယ်ကျွမ်းချစ် ကဗျာများ" ရေးသားသူ ပြေအေးသက်ကိုယ်စား ဦးညွန့်ဝေ၊ ဝတ္ထုရှည် ပထမဆုရ "ပြက္ခဒိန်ရွှေတောင်တန်း ပန်းလောင်မြစ်ကမ်းမှ အလှသစ္စာ" ရေးသားသူ ရွှေညာသားမြတ်မင်း၊ ဝတ္ထုရှည်ဒုတိယဆုရ "နာကြည်းချက်၏ အလှသဏ္ဍာန်များ" ရေးသားသူ ပိုင့်လှိုင်းသစ်နှင့် ဝတ္ထုရှည်တတိယဆုရ "အလင်းတံခါးဖွင့်သူများ၏ ဘူမိနက်သန်" ရေးသားသူ ပုသိမ်အောင်သန်းဦးတို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ "ဆီမုဆိုးနှင့် အခြားဝတ္ထုတိုများ" ရေးသားသူ ရဲမြတ်တင်၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ "ကျားပါးစပ်ထဲက အာဟာရနှင့် အခြားဝတ္ထုတိုများ" ရေးသားသူ ကျွန်းစဉ်မြေစောခက်၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ "ထီးမပါကြသူများနှင့် အခြားဝတ္ထုတိုများ" ရေးသားသူ မောင်ခြိမ့်၊ ကျမ်းစာပေ ပထမဆုရ "မြန်မာပြဇာတ် ရေစီးနှင့် ရှေ့ခရီး" ရေးသားသူ ဇင်မင်း(သမိန်ထော)နှင့် ကျမ်းစာပေ ဒုတိယဆုရ "မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှု" ရေးသားသူ ဒေါက်တာတင်သိန်း(ဘူမိဗေဒ)တို့အား ဆုများကိုချီးမြှင့်သည်။

သုတေသနစာပေဆု

ထို့နောက် မကွေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မင်းက သုတေသနစာပေ ပထမဆုရ "မြန်မာနိုင်ငံသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များမော်ကွန်း" ရေးသားသူ သန်းထွန်း(မော်လမြိုင်)၊ သုတေသနစာပေ ဒုတိယဆုရ "မြန်မာနိုင်ငံ ဗုဒ္ဓယဉ်ကျေးမှု အနုပညာ" ရေးသားသူ မောင်ရင့်ကျူး(မြောင်းမြ)နှင့် သုတေသနစာပေ တတိယဆုရ "မြန်မာ့အလှ သစ်တောသယံဇာတ" ရေးသားသူ မေမြို့ချစ်ဆွေကိုယ်စား ဦးစိုးမြင့်သန်းတို့အား ဆုများကို ချီးမြှင့်သည်။

ပညာသင်ဆု

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၃) ဦးကိုကိုလှိုင်နှင့် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသန့်တို့က ၂၀၁၀ ခုနှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုရရှိကြသူများဖြစ်ကြသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မောင်ဉာဏ်လင်းအောင်(ပထမနှစ် ဂုဏ်ထူးတန်း၊ သဘင်အထူးပြု)နှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မမြသဥ္ဇာအောင်(ဒုတိယနှစ်ဂီတအထူးပြု)၊ ၂၀၁၀ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် မအေမီခိုင်(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ မအေးသီတာလွင်(ရတနာပုံတက္ကသိုလ်)၊ မနွယ်ဇင်ထက်(ဟသ်ာတတက္ကသိုလ်)နှင့် မဖြိုးဖြိုးသူ (ရတနာပုံတက္ကသိုလ်)၊ ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု မြန်မာစာ ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မဇင်နွယ်ဦး၊ မြန်မာစာဒုတိယဆုရ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မပြုံးပြုံးကြည်နှင့် မြန်မာစာတတိယဆုရ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မနှင်းထက်ထက်အောင်၊ အင်္ဂလိပ်စာ ပထမဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ မဂျေဒေစီခါးပန်၊ အင်္ဂလိပ်စာ ဒုတိယဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဒဂင်နမ်ဖုန်ဆန်းနှင့် အင်္ဂလိပ်စာ တတိယဆုရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မဆုမြတ်အေး၊ သင်္ချာပထမဆုရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှ မအိမ့်မြင့်မိုရ်၊ သင်္ချာဒုတိယဆုရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရဲဝင်းသူနှင့် သင်္ချာတတိယဆုရ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ မောင်နိုင်လင်းကျော်၊ ဓာတုဗေဒဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေး အခြေခံပညာအထက်တန်းကျောင်းမှ မောင်ချွန်လင်း၊ ရူပဗေဒဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝေယံကျော်ညွန့်သင်း၊ ဇီဝဗေဒဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်ခိုင်လွင်ကျော်၊ ဘောဂဗေဒဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်မှ မနီနီဝင်း၊ ပထဝီဝင်ဘာသာရပ် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မထူးဒါလီဦးနှင့် သမိုင်းဘာသာရပ် ပထမဆုရ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ မြသီတာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ မသူဇာလင်းတို့အား ဆုများ အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဆွေက ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၀ ခုနှစ်အတွက် ပခုက္ကူစာပေ တစ်သက်တာစာပေဆုရ စာရေးဆရာကြီး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဆုရရှိကြသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပခုက္ကူစာပေဆု ရန်ပုံငွေအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုက ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် မြို့နယ်များက ငွေကျပ်ခြောက်သိန်း၊ ဒေါက်တာသက်လွင်မိသားစု Five Star Group ဆောက်လုပ်ရေး အဖွဲ့က ငွေကျပ်ငါးသိန်း၊ ပခုက္ကူမြို့မှ ဦးမြင့်ဌေးနှင့်ဇနီး ဒေါ်လင်းလင်းထိုက် မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးတင့်ဆွေနှင့်ဇနီး ဒေါ်တင်ကြည်(မလေးမိသားစု)က ငွေကျပ်သုံးသိန်း၊ ရန်ကုန်မြို့မှ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ဦးမောင်မောင်အေး(အမျိုးသားစာပေဆုရ ကဗျာဆရာမောင်ဟေမာ)က ငွေကျပ် ပဈ၊ ၂၄၈၈၊ ၅၆ ၅၁၈၊ ၀၃ ၅၃၀၊ မိသားစု

တနင်္သာရီ၊ ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့၌ မဟာဗောဓိပင် ညောင်ရေသွန်းလောင်းပူဇော်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပ

နေပြည်တော် မေ ၁၇

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ပထမအကြိမ် ကဆုန်ညောင်ရေသွန်းပွဲတော် အခမ်းအနားကို မေ ၁၇ ရက် ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) နံနက် ၈ နာရီတွင် ထားဝယ်မြို့လောကမာရဇိန် ဘုရားကြီးဝင်း ဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော် သြဝါဒါစရိယ ယောသိတာရာမကျောင်းတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာ ဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်နှင့် အဖွဲ့ဝင်များက လောကမာရဇိန်ဘုရားကြီးဝင်းအတွင်းရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဗုဒ္ဓအခါတော်နေ့ အကြိုအဖိတ်နေ့ မေ ၁၆ ရက် နံနက် ၈ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ လောကမာရဇိန် ဘုရားကြီးအတွင်း ကိန်းဝပ်စံပယ်တော်မူသည့် နှစ်ကျိပ်ရှစ်ဆူ ဘုရားများအား ဘုရားကြီးဂေါပကအဖွဲ့က ကြီးမှူး၍ မြို့ပေါ် ၁၅ ရပ်ကွက်မှ ဂေါပကအဖွဲ့ဝင်များက မြို့တွင်းသို့ လှည့်လည်အပူဇော်ခံကြပြီး အမွှေးနံ့သာရည်များဖြင့် သွန်းလောင်း ပူဇော် ကုသိုလ်ပြုကြသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်၌ ကဆုန် ညောင်ရေသွန်းပွဲတော်ကို နံနက်ပိုင်းတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြည်ညိုကြပြီး သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူကြကာ ရွှေမော်ဓောစေတီတော်အား လက်ယာရစ်ဖူးမြော်ပူဇော်၍ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့ ဥဿာမြို့သစ် မဇင်းရပ်ကွက်ရှိ မဇင်းဆည်အတွင်းသို့ ဇီဝိတဒါနအဖြစ် ငါးလွှတ်ဒါနပြုပြီး ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်မှ ကျိုက်ပုညယျ စေတီတော်သို့ ဗုဒ္ဓရုပ်ပွားတော် ၉၄ ဆူ ပင့်ဆောင်ပူဇော်ပွဲသို့ တက်ရောက်ကာ ပဲခူးဒီဂရီကောလိပ်ရှေ့ရှိ သမ္မလောဟ မဟာမုနိ ကြေးသွန်းရုပ်ပွားတော်ကြီးအား ဆီမီး၊ပန်းများ ကပ်လှူပူဇော်ကြသည်။

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော် အခမ်းအနားကို နံနက် ၆ နာရီ မိနစ် ၅၀ တွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက စေတီတော်ပရိဝုဏ်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ပုသိမ်မြို့ ဘိုးဘွားရိပ်သာကို လှည့်လည်ကြည့်ရှုပြီး ဘိုးဘွားရိပ်သာဧည့်ခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံကာ ဘိုးဘွားရိပ်သာ သန့်ရှင်းသာယာလှပရေး၊ ဘိုးဘွားများ၏ စားသောက်နေထိုင်မှု အဆင်ပြေစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတံတား(ညောင်တုန်း) သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား(ညောင်တုန်း)၌ သံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

ရန်ကုန် မေ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့်အတူ မေ ၁၆ ရက် နံနက် ၉ နာရီတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းခွင် (ပုသိမ်ဘက်ကမ်း)ရှိ တပ်ဆင်ပြီးဖြစ်သော တံတားကြီး လေးခန်းပေါ်၌ သံပေါင်များ တပ်ဆင်နေမှု၊ ကရိန်းများဖြင့် သံပေါင်ရက်မများ မတင်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေး မှာကြားခဲ့သည်။

ထို့နောက် ပုသိမ်ဘက်ကမ်း၌ ဇက်ရေယာဉ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ညောင်တုန်းဘက်ကမ်း၌ သံပေါင်တပ်ဆင်နေမှု၊ ချဉ်းကပ်လမ်း မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုနှင့် အရှည် ပေ ၁၆၀ ရှိ ထိပ်ဝကြီး တံတားတည်ဆောက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတံတား(ညောင်တုန်း)သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တည်ရှိပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်၍ စုစုပေါင်း ပင်မတံတားအရှည်မှာ ၇၄၀၂ ပေနှင့် ချဉ်းကပ်ကားလမ်း နှစ်ဖက်အရှည် ၃၄၁၂ ပေ၊ ချဉ်းကပ်ရထားလမ်း နှစ်ဖက်အရှည် ၁၃၁၄၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၃ ပေ ၃ လက်မစီ ပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၇ ပေ ရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန် ဖြစ်သည်။

ဧရာဝတီတံတား(ညောင်တုန်း)၏ ခန်းဖွင့်ဖွဲ့စည်းပုံမှာ မီတာ ၁၂၀ အရှည် ၁၆ ခန်း၊ မီတာ ၁၀၀ အရှည် နှစ်ခန်း၊ မီတာ ၆၀ အရှည် နှစ်ခန်း ပါရှိကာ သံပေါင်တပ်ဆင်ပြီးစီးမှုမှာ မီတာ ၁၂၀ အရှည်ခြောက်ခန်း၊ မီတာ ၁၀၀ အရှည် တစ်ခန်း၊ မီတာ ၆၀ အရှည်တစ်ခန်း ပေါင်း ရှစ်ခန်းနှင့် ၁၁၄ မီတာ စုစုပေါင်း ၉၉၄ မီတာ တပ်ဆင်ပြီးစီးလျက်ရှိပြီး ကျန်ရှိသည့် သံပေါင်များကို ဆက်လက်တပ်ဆင်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

jynaxmip0eBu; 0;ci&tm; uvor*v0;a& &eyaitz Xmaeu,pm;v, vma&muawq

နေပြည်တော် မေ ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr.Mohamed S . Abdel-Ahad သည် မေ ၁၆ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လူဦးရေ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပြည်တွင်းပြောင်းရွှေ့သွားလာခြင်း စစ်တမ်းကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဆွေးနွေး

ရန်ကုန် မေ ၁၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီး စီမံကိန်း BOBLME Project တို့ ပူးပေါင်းကျင်းပသော ဘင်္ဂလားပင်လယ်အော် ဒေသတွင်း နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသော ငါးသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များ ခွဲခြမ်းစိတ်ဖြာခြင်း ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အလံပြဘုရားလမ်း၌ ကျင်းပရာ အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အစီအစဉ်အရ နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားသော ငါးသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်ဆိုင်ရာ စာတမ်းများအား စာတမ်းရှင်များက တင်ပြဆွေးနွေးကြရာ တက်ရောက်လာကြသူများက အစီအစဉ် ရေးဆွဲရာတွင် မိမိတို့ဘက်ဆိုင်ရာ အုပ်စုအလိုက် မဖြစ်မနေပါမည့်အချက်အလက်များကို ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်တောင်ပိုင်းခရိုင် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၆ ရက်က သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း မြို့နယ်အုပ်ချုပ်ရေးမှူးများအား တာဝန်ပေးအပ်လွှာများပေးအပ်စဉ်။ (၅၂၇)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၉၉)မှ ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ စုပေါင်း၍ (၁၃)နှစ်မြောက် သင်တန်းဆင်းနှစ်ပတ်လည် အလှူဒါနအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ် လေးသိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ပြည်သူလူထုအခြေပြု တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်သူ ဆရာဖြစ်သင်တန်းဖွင့်

နေပြည်တော် မေ ၁၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းတို့ ပူးပေါင်း၍ ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (Global Fund Round) တို့က စီစဉ်ဆောင်ရွက်သည့် "Training of Trainers on Community TB Care" သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာဝင်းမောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်က အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၁၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ သင်တန်းသား၊သင်တန်းသူ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးသင်တန်းကျောင်း(ရန်ကုန်)သို့ ပစ္စည်းလှူ

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မေ ၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်း (ရန်ကုန်)သို့ တန်ဖိုးငွေကျပ် ၁၂၇၂၀၀၀ တန်ဖိုးရှိ ထီး၊ ဖိနပ် စသည့် လူသုံးကုန် ပစ္စည်းမျိုးစုံ၊ စာရေးကိရိယာ၊ ဆန်၊ ဆီ စသည့် စားသောက်ကုန်တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ရတနာပုံအတွက် ချေပဂိုးကို ပယ်နယ်တီမှတစ်ဆင့် ရန်ပိုင် သွင်းယူစဉ်။

လက်ရှိချန်ပီယံ ရတနာပုံအသင်းနှင့် အစ်တီလိုလ်အသင်းတို့ သရေကျ

ရန်ကုန်   မေ   ၁၇

AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံရတနာပုံ အသင်းနှင့် အစ်တီလိုလ် (တာဂျစ်ကစ္စတန်)တို့ တစ်ဂိုးစီ သရေကျသွားပြီး အောင်ဆန်းကွင်းတွင် မူကာဘာ (ပါလက်စတိုင်း)က ကယက်ဒ်ဇင်(ဘူလ်တန်)ကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

(သုဝဏ္ဏကွင်း)

အစ်တီလိုလ်-တစ်ဂိုး

(ဒါမိုနော့ဗ်)

ရတနာပုံ-တစ်ဂိုး

(ရန်ပိုင်-ပယ်နယ်တီ)

အုပ်စုတက်နေပြီဖြစ်သည့် ရတနာပုံအသင်းမှာ အမာခံကစားသမားများဖြစ်သည့် ခင်မောင်ထွန်း၊ ယဉ်မင်းအောင်(ဂိုး)၊ အေးမိုးတို့ကို အနားပေးထားခဲ့ပြီး လူငယ်ကစားသမားများကို ပွဲထုတ်ခဲ့သည်။ MNL အမှတ်ပေးပြိုင်ပွဲနှင့် MFF Cup ရှုံး/ထွက်ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ရန်ရှိနေသောကြောင့် ရတနာပုံအသင်းမှာ ပုံမှန်သာ ကစားသွားခဲ့ပြီး နောက်ကျချေပဂိုးကြောင့် သရေတစ်မှတ် ရယူနိုင်ခဲ့သည်။

(အောင်ဆန်းကွင်း)

မူကာဘာ-ခုနစ်ဂိုး

ယက်ဒ်ဇင်-ဂိုးမရှိ

အုပ်စု(ခ)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အစ်တီလိုလ်အသင်းနှင့် ရတနာပုံအသင်းမှာ (၇)မှတ်စီ ရရှိခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် အစ်တီလိုလ်က အုပ်စုပထမ၊ ရတနာပုံအသင်းက အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန်   မေ   ၁၇

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ တင်းနစ်အားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဒုတိယနေ့ပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ Mixed Double ပြိုင်ပွဲ၊ အမျိုးသမီး(၁၀)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား(၁၂)နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား(၁၄)နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသမီး (၁၄)နှစ်နှင့်အောက် ပြိုင်ပွဲစုစုပေါင်း ပွဲစဉ် ၂၀ ကျင်းပပြီးစီးသည်။

ပြိုင်ပွဲကို မေ ၁၈ ရက် နံနက် ၈ နာရီတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ တင်းနစ်အားကစားဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန်ယူနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ ဘတ်ကွက်စ် ပါဝင်မည်

ဘာစီလိုနာ   မေ   ၁၇

ဘာစီလိုနာ ကွင်းလယ်ကစားသမား ဘတ်ကွက်စ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲတွင် လူမျိုးရေးခွဲခြားသောအပြုအမူများပြုလုပ်ခဲ့၍ စွဲချက်တင်ခံထားရရာမှ လွတ်မြောက်ခဲ့ပြီဖြစ်၍ မန်ယူနှင့်ကစားရမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ပါဝင်လာမည် ဖြစ်သည်။

ဘတ်ကွက်စ်သည် ယင်းပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ မာဆယ်လိုအပေါ် လူမျိုးရေးခွဲခြားသည့်အပြုအမူအပြောအဆိုများကြောင့် စွဲချက်တင်ခံထားရရာ ယခုအချိန်တွင် အဆိုပါစွဲချက်ကို ယူအီးအက်ဖ်အေက ပယ်ဖျက်လိုက်ပြီဖြစ်သည်။ ဘတ်ကွက်စ်နှင့် မာဆယ်လိုတို့၏ ကိစ္စနှင့်ပတ်သက်၍ ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် လုံလောက်သည့် အကြောင်းပြချက်မရှိ၍ ပယ်ချခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။



မန်ယူနှင့်ကစားရမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ပါဝင်လာမည့် ဘာစီလိုနာကစားသမား ဘတ်ကွက်စ်။

ဘတ်ကွက်စ်သည် အဆိုပါပွဲတွင် ဆံပင်ဖွာလန်ကြဲနှင့် မာဆယ်လိုကို "mono"(monkey)ဟု ခေါ်ဆိုခဲ့သည်ဟု ရီးယဲလ်မက်ဒရစ်အသင်းဝက်ဘ်ဆိုက်က ရေးသားဖော်ပြခဲ့သည်။

အင်တာနက်။

အင်္ဂလန်နိုင်ငံ၏ အားကစားဆိုင်ရာ အချမ်းသာဆုံးစာရင်းတွင် ဒေးဗစ်ဘက်ခမ်း ဒုတိယလိုက်

လန်ဒန်   မေ   ၁၇

အင်္ဂလန်နိုင်ငံ၏ အားကစားဆိုင်ရာ အချမ်းသာဆုံးစာရင်းတွင် LA ဂလက်ဆီအသင်းမှ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းမှာ ဒုတိယနေရာတွင် ရှိနေသည်ဟု သတင်းများတွင် ဖော်ပြထားသည်။

အင်္ဂလန်နိုင်ငံ၏ အားကစားဆိုင်ရာ အချမ်းသာဆုံး ပုဂ္ဂိုလ်မှာ ဝီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝီးလန်ဖြစ်ပြီး ပေါင်သန်း ၁၉၀ ပိုင်ဆိုင်သည်ဟု ဆိုသည်။ ဒေးဗစ်ဘက်ခမ်းမှာမူ ပေါင် ၁၃၅ သန်းသာ ပိုင်ဆိုင်ခြင်းကြောင့် ဒေ့ဗ်ဝီးလန်၏ နောက်က ဒုတိယနေရာတွင်သာ ရှိနေခြင်းဖြစ်သည်။ ဒေ့ဗ်ဝီးလန်သည် ၁၉၅၆ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ဘလက်ဘန်းအသင်းနှင့် ခရူဝီအသင်းတို့တွင် ကစားခဲ့ဖူးသူဖြစ်သည်။

အင်္ဂလန်နိုင်ငံ၏ အားကစားဆိုင်ရာ အချမ်းသာဆုံးစာရင်းတွင် ဒေ့ဗ်ဝီးလန်က ပေါင်သန်း ၁၉၀ ဖြင့် ပထမ၊ ဒေးဗစ်ဘက်ခမ်းက ပေါင် ၁၃၅ သန်းဖြင့် ဒုတိယ၊ တိုနီအိုရေးလ်လီ (ရတ်ဂ်ဘီ)က ပေါင်သန်း ၁၂၀ ဖြင့် တတိယ၊ ဂျွန်နီဒမ်ဖရိုက်စ် (မော်တော်ကား)က ပေါင်သန်း ၁၁၀ ဖြင့် စတုတ္ထ၊ လင်းနော့စ်လူးဝစ်(လက်ဝှေ့)က ပေါင် ၉၅ သန်းဖြင့် ပဉ္စမ စသည်ဖြင့် အသီးသီးရပ်တည်လျက်ရှိကြသည်။

အင်တာနက်။

မန်ယူနည်းပြဖာဂူဆန် အက်ဖ်အေ၏ စွဲချက်တင်ခံရခြင်းမှ လွတ်မြောက်

မန်ချက်စတာ   မေ   ၁၇

မန်ယူနည်းပြ ဖာဂူဆန်သည် ပွဲစဉ်(၃၆)အဖြစ် ချယ်လ်ဆီးအသင်းနှင့် မကစားမီ ဒိုင်လူကြီး ဟောင်းဝပ်ဝဘ်နှင့် ပတ်သက်၍ ပြောကြားခဲ့သည့် မှတ်ချက်စကားများကြောင့် အက်ဖ်အေ၏ စွဲချက်တင်ခြင်း ခံခဲ့ရရာမှ ယခုအချိန်တွင် လွတ်မြောက်ခဲ့ပြီ ဖြစ်သည်။

ဖာဂူဆန်သည် အက်ဖ်အေ၏ နည်းဥပဒေ E3 ကို ချိုးဖောက်ခဲ့သည်ဟုဆိုကာ စွဲချက်တင်ခံခဲ့ရခြင်း ဖြစ်သည်။ ချယ်လ်ဆီးနှင့်ပင် ပထမအကျော့ ကစားခဲ့သည့် ပွဲစဉ်အပြီးတွင် ဒဏ်ငွေပေါင်သုံးသောင်းနှင့် ငါးပွဲပယ်ပြစ်ဒဏ် ကျခံခဲ့ရသေးသည့် ဖာဂူဆန်သည် ယခုကိစ္စအတွက် အက်ဖ်အေ၏ စုံစမ်းစစ်ဆေးမှုများကို ခံယူခဲ့ရပြီး ပြစ်ဒဏ်ချမှတ်ရန်အတွက် လုံလောက်သည့် အထောက်အထားမရှိခဲ့၍သာ ပြစ်ဒဏ်မှလွတ်မြောက်ခဲ့ရခြင်းဖြစ်သည်။

အင်တာနက်။

ဟန်သစ်

လာမည့်နှစ် ဘောလုံးရာသီတွင် ဒူဘိုင်း၌ တွေ့ရတော့မည့် မာရာဒိုနာ။

rm&m'em ,a t t;Ei pmcsKy&e oabmw

ဒူဘိုင်း   မေ   ၁၇

အာဂျင်တီးနားအသင်းနည်းပြဟောင်း ဒီယေဂိုမာရာဒိုနာသည် အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)အသင်းကို ကိုင်တွယ်ရန် သဘောတူညီမှုတစ်ရပ် ရရှိခဲ့ပြီဟု သိရသည်။

နှစ်နှစ်စာချုပ်

မာရာဒိုနာသည် ယူအေအီးအသင်းကို နည်းပြအဖြစ် ကိုင်တွယ်ရန် နှစ်နှစ်စာချုပ် ချုပ်ဆိုသွားမည်ဟု ဆိုသည်။ ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကို ကွာတားဖိုင်နယ်အထိ ပို့ပေးခဲ့သည့် မာရာဒိုနာသည် ယူအေအီးအသင်းကို လာမည့်နှစ် ဘောလုံးရာသီတွင် စတင်ကိုင်တွယ်မည်ဟု ဆိုသည်။

အင်တာနက်။

qepuo; twjznpu y|0ijyoc

ရန်ကုန်   မေ   ၁၇

နေထိုင်မှုပုံစံပြပွဲ(၂၀၁၁)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့ရာ မြပန်ဝါပြခန်း၌ မီးလင်းကတ္တားနှင့်အတူ ထုတ်လုပ်သည့် ဆန်စက်များတွင် အသင့်တပ်ဆင်အသုံးပြုနိုင်သော ဆန်အိတ်ဖြည့်စက်များကို ပြသခဲ့သည်။ **(ဝဲပုံ)**အဆိုပါဆန်အိတ်ဖြည့်စက်မှာ ဆန်အလေးချိန် ၅ ကီလို၊ ၁၅ ကီလိုနှင့် ၂၅ ကီလို ဖြည့်သွင်းအိတ်ချုပ်ပေးနိုင်ပြီး တစ်နာရီလျှင် ဆန်အိတ် ၇၀၀ နှုန်းဖြင့် လုပ်ငန်းဆောင်ရွက်ပေးနိုင်သည်။ အိတ်ဖြည့်စက်ကို မှာယူလိုပါက ဖုန်း-၀၉-၅၁၄၃၂၅၄နှင့် ၀၉-၇၃၀၀၉၆၄၁ တို့သို့ မှာယူနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော်   မေ   ၁၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **နေ့အပူချိန်များမှာ** ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျောက်တော်မြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ကသာမြို့တွင် ၁ ဒသမ ၄၁ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၃၇ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၃၄ လက်မနှင့် ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၃၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရွှေမောင်နံ့ကုမ္ပဏီရုံးခန်း ဗဟန်း၌ဖွင့်

ရန်ကုန်   မေ   ၁၇

မင်းထက်ကောင်း မုန့်မျိုးစုံလုပ်ငန်းမှ ဦးမြင့်သန်း-ဒေါ်ခင်သိန်းဝင်း မိသားစု၏ ရွှေမောင်နံ့ကုမ္ပဏီလီမိတက် ရုံးခန်းဖွင့်ပွဲကို မေ ၁၄ ရက် နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင် ၅/အနောက်ရပ်ကွက် လမ်းမှတ်တာဝါ တိုက်(A) ၄လွှာ အခန်း(၄၀၁)၌ ကျင်းပရာ မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ သီရိသုမေ့သိင်္ဂီ ဒေါ်တင်နွယ်ဦးနှင့် ရွှေမောင်နံ့ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါ်ခင်သိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရွှေမောင်နံ့ကုမ္ပဏီလီမိတက်မှ ဒေါ်ခင်သိန်းဝင်းက ကုမ္ပဏီ၏ ဝန်ဆောင်မှုလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ရွှေမောင်နံ့ကုမ္ပဏီလီမိတက်သည် စီးပွားရေးလုပ်ငန်းများဖြစ်သည့် ကုမ္ပဏီလုပ်ငန်း၊ စက်ရုံတည်ဆောက်၍ ထုတ်လုပ်ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်း၊ ကြော်ငြာနှင့် ဈေးကွက်ဖြန့်ချိရေးလုပ်ငန်းများ၊ အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်း၊ ဥပဒေရေးရာအကြံပေးခြင်းနှင့် ဥပဒေဝန်ဆောင်မှုလုပ်ငန်းများကို စိတ်တိုင်းကျဆောင်ရွက်ပေးပြီး လုပ်ငန်းလုပ်ကိုင်၍ စတင်တည်ထောင်သည့်အချိန်မှ လုပ်ငန်းလည်ပတ်သည်အထိ ဝန်ဆောင်မှုနှင့် အာမခံချက်အပြည့်အဝပေး၍ တာဝန်ယူလုပ်ကိုင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

IT ပညာဖွံ့ဖြိုးတိုးတက်ရေး ကျင်းပမည်

ရန်ကုန်   မေ   ၁၇

မြန်မာနိုင်ငံတွင် ITပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) မှ ကြီးမှူး၍ MCPA Certified Fundamental Software Engineer Exam (FSE) နှင့် MCPA Certified Network Associate Exam (NA) စာမေးပွဲများကို ဇွန် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာမေးပွဲသို့ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး IT စိတ်ပါဝင်စားသည့် ကျောင်းသား၊ ကျောင်းသူများ၊ IT ပညာအခြေခံရှိသူများ၊ လက်တွေ့နယ်ပယ်တွင် IT ပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသော ကျောင်းသား၊ ကျောင်းသူများ၊ Network ပညာရှင်များနှင့် Network ဝါသနာပါသူအားလုံး ဖြေဆိုနိုင်ရာ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ နှင့် ၀၉-၇၃၀၈၈၃၀၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တာလေမြို့နယ်အတွင်းရှိ လျောင်ဘေးဒုက္ခသည် ပြည်သူများအတွက် ယာယီအဆောက်အအုံများ ဆောက်လုပ်ပေး

တာချီလိတ် မေ ၁၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ရှိ လျောင်ဘေးဒုက္ခသင့် ပြည်သူများအတွက် မင်္ဂလာမြန်မာမှ ဒေါက်တာဖုန်းဝင်း၊ ဒေါ်သူဇာဝင်းနှင့် ဦးသန့်ဇော်တို့က ဦးဆောင်၍ ယာယီအဆောက်အအုံများကို ဧပြီ ၇ ရက်မှ စတင် ဆောက်လုပ်ပေးခဲ့ပြီး ဒေသခံအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍လည်း လျောင်ဘေးဒုက္ခသင့် ပြည်သူများအား တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲ မိုင်းလင်းအရှေ့နှင့် မိုင်းလင်းအနောက် ကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၂၂ ရွာတွင် ယာယီအဆောက်အအုံ ၃၅၇ လုံးအား သွပ်မိုး၊ ဝါး၊ ဓနိ၊ သစ်တို့ဖြင့် တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကာ အဆိုပါ အစီအစဉ်ကို လူမှုရေးအဖွဲ့အစည်းများနှင့်စေတနာရှင်၊ အလှူရှင်များက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။**(အောက်ပုံ)** (ကြေးမုံ)

စီးပွားရေးပညာရပ်ဆိုင်ရာဟောပြောပွဲ(၃/၂၀၁၁)

Myanmar Beyond 2011, Economic Forum Series (3/2011)

The Jointly Organized by (UMFCCI) and (MIEGA)

Competitive Advantage of Myanmar

စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေး ပညာမျိုးဆက်သစ်များ၊ စီးပွားရေးပညာ စိတ်ဝင်စားသူများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

Programme

Day/Date; : 21st May 2011(Sat)

Time/Duration : 1:00Noon-4:00pm

Venue: : UMFCCI

Contact Phones

09-493 15638/ 09-49232900

Speakers /Topics

(1) Prof;Dr.Aung Tun Thet Competitive Business Strategy

(2) U Tin Win Aung Competitive Advantage of Myanmar: In the era of Scarcities from the Era of Plenty.

ရောင်းရန်ရှိသည်

၁။ ကမ္ဘာအေးဘုရားလမ်းမတန်း(ဗဟန်း) 80' x 150'

၂။ ပြည်လမ်းမတန်း 85' x 100'

၃။ ပြည်လမ်းမတန်း 64' x120'

၄။ ဓမ္မစေတီလမ်းသွယ် 85' x 120'

၅။ ရွှေတောင်ကြား(၁)လမ်းမပေါ် 42' x 45'

ဖုန်း-၅၄၉၁၄၄၊ ၀၉၅၀၂၂၁၅၉၊ ၀၉-၉၉-၂၂၂၅၉၊ ၀၉-၅၀-၄၉၀၆၆။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ခြံအမှတ်(၁၂)နေ ဟာဂျီဦးခင်မောင်မြင့်(M.D,United Vision Optics & General Trading Co,)-(ဟာဂျီမဒေါ်အေးအေးဝင်း)တို့၏သားဦးရတနာ

မောင်ခင်မောင်ဝင်း

Diploma in Logistics & Operations Management Temasek Polytechnic,Singapore (Director,United Vision Optics & General Trading Co.,)

နှင့်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း၊ အမှတ်(၁၆၉)၊ မြေညီထပ်နေ (ဦးအောင်လွင်)-ဒေါ်ခင်တင့်တို့၏သမီးထွေး

မသီတာလွင်

တို့၏ ၁-၄-၂၀၁၁ရက်(သောကြာနေ့)၌ တခြမ်းပဲ့ဗလီတွင် နီကာဟ်ဖတ်၍ ၁၄-၅-၂၀၁၁ရက် (စနေနေ့)၌ Sedona Hotel (Grand Ball room)တွင် ဝလီမာမင်္ဂလာညစာစားပွဲကျင်းပခဲ့ရာတွင် အဘက်ဘက်မှ ပါဝင်ကူညီခဲ့ကြသော ဖခင်ကြီး ဟာဂျီဦးခင်မောင်မြင့်(M.D,United Vision Optics & General Trading Co.,)အားလည်းကောင်း၊ ဟာဂျီမ ဒေါ်တင်မြ(ဒိုက်ဦး)၊ ဟာဂျီဦးလှရွှေ (J.V.C)-ဟာဂျီမဒေါ်ခင်သန်း၊ တခြမ်းပဲ့ဗလီမှဂေါပကများ၊ ရှေ့ဆောင်ဆရာများ၊ ဟာဂျီဦးဝင်းနိုင်(နေကြာပန်းစိုက်ပျိုးရေးဆေးဆိုင်၊ ကျောက်ဆည်မြို့)နှင့်ဇနီး၊ ဒေါက်တာ ကျော်သူသိန်း (ဖူဂျီကြွေပြားနှင့်အသင့်ခင်းပါကေး)နှင့် ဇနီး၊ ဦးအောင်မြတ်ခိုင်(ကာရီဆပ်)နှင့်ဇနီး၊ ဒေါက်တာမြသိန်း(Bio)နှင့်ဇနီး၊ ဟာဂျီဟာဖစ် ဦးခင်မောင်ဝင်း(Rhomberg)နှင့်ဇနီး၊ ဟာဖစ် ဦးအောင်ဝင်းနှင့်ဇနီးတို့အားလည်းကောင်း၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ နှင့် မိုးထဲလေထဲ အခက်အခဲကြားမှ ကြွရောက်အားပေးချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးအားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှ ဖန်တီးပေးပါသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော 7 Picture အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများဖန်တီးပေးသော Foreverနှင့် Aroma အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများကို စိတ်တိုင်းကျ ပုံနှိပ်ပေးပါသော DAGON ပုံနှိပ်တိုက်အားလည်းကောင်း၊ ယူနိုက်တက်ဗွီးရှင်းမှ မန်နေဂျာများ၊ ဝန်ထမ်းများအားလည်းကောင်း၊ Sedona Hotel မှ Li Li နှင့် မန်နေဂျာ၊ ဝန်ထမ်းများအားလည်းကောင်း၊ သီးသန့်စားသောက်ဖွယ်ရာများကို စီစဉ်ပေးသော ဟာဂျီဟမ်ဇားဗားဂီယားနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

မောင်ခင်မောင်ဝင်း(Director,United Vision)-မသီတာလွင်

ပညာဂုဏ်ရောင် အလင်းဆောင်

မြိတ်မြို့၌ သုတအားမာန်စာကြည့်တိုက်ဖွင့်လှစ်

နေပြည်တော် မေ ၁၇

မြိတ်မြို့နယ် သမုတ်ကျေးရွာအုပ်စု ဗဂျီရှောင်ကျေးရွာ၌ သုတအားမာန် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက် ၁၁ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဌေးတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလင်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက (၁၉)လက်မရောင်စုံရုပ်မြင်သံကြားနှင့် ရေဒီယိုတို့ကို လည်းကောင်း၊ အလှူရှင်များက အလှူငွေများနှင့် သုတရသစာအုပ်စာစောင်များကိုလည်းကောင်း လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြိတ်ခရိုင် ပလောက်မြို့နယ်ခွဲ ပြည်ခြားကျေးရွာအုပ်စု ပြည်ခြားကျေးရွာ ဘ၀အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၇ ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြိတ်ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်နီနီချို၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးဝင်းမော်နှင့် ပြည်ခြားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစောကတွဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ်ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။



နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဟောပြောမည်

ရန်ကုန် မေ ၁၇

CROWN Education နှင့် စင်ကာပူနိုင်ငံ Management Development Institute of Singapore (MDIS)တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့လွန်ဘာသာရပ်နှင့် မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများအတွက် ဩဂုတ်လမှစ၍ ပထမဆုံးအကြိမ် သင်ကြားပို့ချပေးမည့် BSc(Hons) Bio Technology ဘာသာရပ် အကြောင်းနှင့် ဆက်စပ်အလုပ်အကိုင် အခွင့်အလမ်းများအကြောင်းကို MDIS,School of Life Science မှ ကျောင်းအုပ် Dr.Lissy Vadakel က မေ ၂၀ ရက် (သောကြာနေ့) ညနေ ၃ နာရီမှ ၅ နာရီအထိ ရန်ကုန်မြို့ PARKROYAL Hotel၌ဆွေးနွေးရှင်းလင်း ပြောကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘွဲ့လွန်သင်တန်းသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနယ်ပယ်များတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် တက်ရောက်သင့်သော ပရိုဂရမ်တစ်ခုဖြစ်ပြီး ဆေးရုံဆေးခန်းများ၊ ကျန်းမာရေးဝန်ဆောင်မှု၊ စောင့်ရှောက်မှုအဖွဲ့အစည်းများအတွက် မရှိမဖြစ်လိုအပ်သော စီမံခန့်ခွဲမှုဘာသာရပ်များဖြစ်သည်။ ထို့အပြင် ထူးချွန်သော ကျောင်းသားကျောင်းသူများအတွက် စင်ကာပူဒေါ်လာ တစ်သောင်း ထောက်ပံ့ကြေးရရှိမည့် MDIS စကောလားရှစ် လျှောက်ထားနိုင်မည့် အခွင့်အရေးများနှင့် ဘာသာရပ်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို အဆိုပါနေ့တွင် ရှင်းလင်းပြောကြားပေးမည်ဖြစ်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်ရန်နှင့် အသေးစိတ်အချက်များကို CROWN Education, Summit Parkview Hotel အလုံလမ်း အလုံမြို့နယ် အခန်း (၂၂၈-၂၂၉)၊ ဖုန်း-၂၁၁၈၈၈ (လိုင်းခွဲ၂၂၈)နှင့် ၀၉-၅၀၈ ၅၁၈၅ တို့တွင် ဆက်သွယ်စုံစမ်း စာရင်းပေးနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အလုံမြို့နယ် စောရန်ပိုင်(တောင်) ၄၀ါလမ်း မီးရထားအိမ်ရာတိုက် (၁)နေ ကွယ်လွန်သူ ဦးကြင်ထွေး (၅၁)နှစ်အားရည်စူး၍ ကျန်ရစ်သူအစ်မနှင့် အစ်ကို မိသားစုများက ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်ဖိုးညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၃၀ ၄။ ဆီးချိုသွေးချိုကာကွယ်ပါ
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(စီးပွားရေးပညာ၊ အိမ်တွင်းစီးပွားအထူးပြုများ) (စီးပွားရေးပညာ)
၅း၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၇။ သီချင်းကြီးပဒေသာ
၅း၂၅ ၈။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅း၄၀ ၉။ တိုင်းရင်းသားများတွဲလက်ညီ ဖွံ့ဖြိုးစေမည့် အသားကဏ္ဍ မွေးမြူရေးဇုန်ရှမ်းရိုးမ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၃၅ ၁၃။ ရွှေရင်ခုန်သံ
၆း၅၅ ၁၄။ အိုးပိုင်အိမ်ပိုင်
၇း၁၅ ၁၅။ ရင်းနှီးစဉ်ဆက်ချစ်ကြည်လျက်
၇း၄၀ ၁၆။ အလင်္ကာကျော်စွာ ရွှေပြည်အေး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၅၉)**
၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း "နှစ်ပင်လိမ်နွှောင်ကြိုး" [ရန်အောင်၊ဟိန်းဝေယံ (နှစ်ကိုယ်ခွဲ)၊ ချစ်စနိုးဦး၊ စန္ဒီမြင့်လွင်] (ဒါရိုက်တာ-ဇမျှုထွန်းသက်လွင်)
၂၃။ အစီအစဉ်ပြီး၏။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ wnllira t;csr;ru vvm;on/

☆ zlzk;w;wuru vvm;on/

☆ qyt lur;zuru rvvm;/

☆ qyt lur;zur zew;orsm; - 0i;0e;z , &m;/

☆ VOA, BBC - &ewuay;aeon/

☆ RFA, DVB - ao;x;aeon/

☆ cavmuqe taumuBu avvi;o voworm;- em;ra , miave owxm;/

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် စာပေလောက၏ မဏ္ဍိုင်ဖြစ်ပြီး စာပေလောကကို ဦးဆောင်သွားရမည် နိုင်ငံရေးသမား၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေလောကသားများအားလုံးက အမျိုးသားရေးကို အခြေခံဆောင်ရွက်

သို့မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီရေးများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်

နေပြည်တော် မေ ၁၇

၂၀၁၀ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ မကွေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မင်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဝင်များ၊ ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆုရရှိကြသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါတွင် နိုင်ငံတော်က စာပေဆုများကို နှစ်စဉ် ရွေးချယ်ချီးမြှင့်နေသည့်နည်းတူ ပခုက္ကူစာပေဆု အပါအဝင် ပုဂ္ဂလိကစာပေဆုများကို ရွေးချယ်ပေးအပ် ချီးမြှင့်နေခြင်းသည် ပြည်သူလူထုအတွက် အသိဉာဏ်ပညာ ဗဟုသုတမြင့်မားရေးကို ပိုမိုခဲ့ထွင် တည်ဆောက်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို တည်ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးနှင့်အတူ အသိဉာဏ်ပညာ ဗဟုသုတမြင့်မားရေးဟူသော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း။

ထို့အတူ ယခုကဲ့သို့ စာပေဆုချီးမြှင့်ပွဲများကို ကျင်းပပေးခြင်းသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏ အကျိုးကို ဖော်ဆောင်ပေးနေခြင်း မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံး၏အကျိုး၊ တစ်နည်းအားဖြင့် အမျိုးသားရေးကို ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ယခုဆုပေးပွဲတွင် ဆုရ စာရေးဆရာကြီးများအနေဖြင့် ပြည်သူ့အကျိုးပြု စာကောင်းပေမွန်များ ဆက်လက်ရေးသားထုတ်ဝေသွားကြရန်၊ ပြည်သူများ အမှန်တကယ် စာဖတ်သည့် အလေ့အကျင့်များ စွဲမြဲလာစေရေးနှင့် အသိဉာဏ်ပညာ ဗဟုသုတမြင့်မားရေးလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန်၊ ဆုရကျောင်းသား၊ ကျောင်းသူများကလည်း ပညာထူးချွန်သည့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထမ်းဆောင်နိုင်သည့် လူငယ်လူရွယ်များဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၀ ခုနှစ်အတွက် ကဗျာပေါင်းချုပ် ပထမဆုရ "အမေ့လမင်း အလင်းသံစဉ် ကဗျာများ" ရေးသားသူ မောင်ဟန်တင့် (ပင်လည်ဘူး) အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)